**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး**

**(၁၂)ရက်မြောက်နေ့မှတ်တမ်း**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၆ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၇.၉၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးငွေဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကျန်းမာရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးသန်းဆွေ၊ မကွေး(၇)၊ ကျန်းမာရေး။ ဦးခိုင်ဆွမ်းမုန်၊ ချင်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကျန်းမာရေး။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကျန်းမာရေး။ ဒေါက်တာ ငွေဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ကျန်းမာရေး။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကျန်းမာရေး။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကျန်းမာရေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ မိသားစု ကိစ္စ။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဘိုးရယ်၊ ကယား(၃)၊ မိသားစုကိစ္စ။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်မြင့်သိန်း၊

ကရင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးကျော်နုမော်၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးနေမျိုးကျော်၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးတင်မောင်ဝင်း၊ တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးမောင်မောင်ငြိမ်း၊ တပ်မတော်၊ သင်တန်း။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကျန်းမာရေး တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄၁)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော် ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်း ခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း (INGO)များ၏ မမှန်ကန်သော လုပ်ရပ်များအပေါ် ရခိုင်ပြည်နယ် ဒေသခံများ၏ မကျေနပ်မှုများ ထပ်ဆင့်ဖြစ်ပေါ်နေ၍ ဒေသခံများ အနေဖြင့် မလိုလားအပ်သော ထိပ်တိုက်တွေ့မှုများ၊ ပဋိပက္ခများ၊ ပြဿနာများ ထပ်မံဖြစ်ပေါ်လာမှာကို စိုးရိမ်ကြောင့်ကြဖြစ်နေကြပါ၍ နိုင်ငံတော်မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦးက နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း (INGO) များ၏ မမှန်ကန်သော လုပ်ရပ်များအပေါ် ရခိုင်ပြည်နယ် ဒေသခံများ၏ မကျေနပ်မှုများ ထပ်ဆင့်ဖြစ်ပေါ်နေ၍ ဒေသခံများ အနေဖြင့် မလိုလားအပ်သော ထိပ်တိုက်တွေ့မှုများ၊ ပဋိပက္ခများ၊ ပြဿနာများ ထပ်မံဖြစ်ပေါ်လာမှာကို စိုးရိမ်ကြောင့်ကြဖြစ်နေကြပါ၍ နိုင်ငံတော်မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံးကို ကျွန်တော်ဦးခင်မောင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)က မင်္ဂလာပါလို့ ပြောကြားရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်တော်ဒီကနေ့ မေးရမယ့်မေးခွန်းကတော့ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း (INGO) များရဲ့ မမှန်ကန်သောလုပ်ရပ်များအပေါ် ရခိုင်ပြည်နယ် ဒေသခံများ၏ မကျေနပ်မှုများ ထပ်ဆင့်ဖြစ်ပေါ်နေ၍ ဒေသခံများအနေဖြင့် မလိုလားအပ်သော ထိပ်တိုက်တွေ့မှုများ၊ ပဋိပက္ခများ၊ ပြဿနာများ ထပ်မံဖြစ်ပေါ်လာမှာကို စိုးရိမ်ကြောင့်ကြ ဖြစ်နေကြပါ၍ နိုင်ငံတော်မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ ပညာရေး၊ စီးပွားရေးနဲ့ ကျန်းမာရေး အဘက်ဘက်က ကျဆင်းနေတဲ့ဒေသတစ်ခု ဖြစ်ပါတယ်။ အကူအညီတွေကို ဘက်ပေါင်းစုံက လိုအပ်နေတဲ့ဒေသ ဖြစ်ပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့်တစ်မျိုး၊ ရာသီဥတု အပြောင်းအလဲကြောင့်တစ်မျိုး ဒုက္ခမျိုးစုံခံစားနေရလို့ ဖွံ့ဖြိုးရေးမှာ နောက်ကျနေရတဲ့ ပြည်နယ် ဖြစ်ပါတယ်။ အဲဒီအထဲမှာ တစ်ခါ တစ်လောက ဒီအစိုးရမဟုတ်သောအဖွဲ့အစည်းများရဲ့ မမှန်သော လုပ်ရပ်များကြောင့် ပြည်သူလူထုက မကျေနပ်ပြီးတော့ အဲဒီမှာ ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ ဆန္ဒပြမှုတွေက တစ်ခါလည်း မဟုတ်ဘူး။ ဒါပေမဲ့ ဒီဆန္ဒပြမှုတွေဟာ မကျေနပ်မှုကို အကြမ်းဖက်မှုမပါဘဲနဲ့ စည်းကမ်းနည်းလမ်းတကျ ဥပဒေဘောင်အတွင်းထဲက ဆန္ဒပြခဲ့တာဖြစ်ပါတယ်။ တစ်လောကတော့ NGO, INGO များရဲ့ အိုးအိမ်၊ အဆောက်အဦ၊ ရုံးခန်းတွေကို အကြမ်းဖက်တစ်စုကနေပြီးတော့ ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့ပါတယ်။ ဒီဖြစ်ရပ်ကို ကျွန်တော်တို့ ရခိုင်ပြည်သူလူထုက လက်ခံတာ မဟုတ်ပါဘူး။ ရခိုင်အမျိုးသား ပါတီကလည်းပဲ ဒီလိုအကြမ်းဖက်မှုတွေကို လုံးဝသဘောမတူပါဘူး။

ကျွန်တော်တို့ဟာ အကူအညီလိုနေတဲ့ ပြည်နယ် ဖြစ်တယ်။ ကျွန်တော်တို့က ကြိုဆိုတယ်။ သို့ပေမယ့် မလျော်ကန်တဲ့ NGO, INGO အဖွဲ့တွေကိုသာ ကျွန်တော်တို့က ဆန့်ကျင်တာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုအကြမ်းဖက်မှုတွေ ဖြစ်လာတဲ့အခါမှာ ကျွန်တော်တို့ သတိပြုမိတာက ဥပဒေစည်းကမ်း ဘောင်ထဲကနေပြီးတော့ ဒီ အဖြစ်အပျက်တွေကို တားဆီးရမှာ ဖြစ်ပါတယ်။ ဒေသမှာရှိတဲ့ အစိုးရအဖွဲ့ အစည်းတွေဟာ ဒီလိုတားဆီးတဲ့နေရာမှာ သူတို့ နှောင့်နှေးတယ်၊ ကြန့်ကြာတယ်၊ အဲဒါတွေ တွေ့ခဲ့ရပါ တယ်။

နောက်ပြီးတော့ လူတစ်စုကသာ ဦးဆောင်ပြီးတော့ ဖြစ်သွားတဲ့ ဥစ္စာဟာတွေဟာ ရခိုင် ပြည်နယ်လူထုရဲ့ ဂုဏ်သိက္ခာ၊ သူ့ရဲ့ Image ကို အများကြီးကျဆင်းတယ်လို့ ခံစားရပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက NGO, INGO ဆိုတာ တိုင်းပြည်ကောင်းကျိုးလိုအပ်နေတဲ့ အဘက်ဘက်က လိုအပ်နေတဲ့ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး နိုင်ငံတော်က မဆောင်ရွက်နိုင်တဲ့ ကိစ္စတွေမှာ သူတို့က ပါဝင်ကူညီပြီးတော့ စိတ်စေတနာနဲ့ လာလုပ်တဲ့ အဖွဲ့အစည်းတွေ ဖြစ်ပါတယ်။ သို့သော်လည်းပဲ တချို့အဖွဲ့အစည်းတွေမှာ ပယောဂတွေ ပါလာပါတယ်။ ဒီ ပယောဂတွေက ဘာလဲဆိုတော့၊ မလျော်ကန်တဲ့၊ သူတို့နဲ့ မဆိုင်တဲ့ ပြည်တွင်းရေးကို ဝင်စွက်တာတို့၊ တိုင်းပြည်မှာ ဖြစ်ပျက်ခဲ့တဲ့ ပဋိပက္ခတွေကို မမှန်သတင်း တင်လွှင့်တာတို့ အဲဒါတွေဟာ ကျွန်တော်တို့ မလိုအပ်တဲ့ အချက်အလက်တွေ ဖြစ်ပါတယ်။ NGO, INGO အဖွဲ့တွေဟာ နိုင်ငံကို ဝင်လာ ကတည်းက သူတို့က အစိုးရနဲ့ လက်မှတ်ထိုးပြီးတော့ ဒီစည်းကမ်း၊ နည်းလမ်းတွေကို လိုက်နာပါ့မယ် ဆိုပြီးတော့ လက်မှတ်ထိုးထားတဲ့ ကတိခံဝန်ချက်တွေ ရှိပါတယ်။ ဒီလိုကတိခံဝန်ချက်တွေကို မလိုက်နာလို့ရှိရင် ကျွန်တော်တို့ကလည်း သူတို့ကို အရေးယူနိုင်ရပါမယ်။ ဒါတွေကို ထောက်ပြပြီးတော့ ပြည်သူလူထုက သော်လည်းကောင်း၊ အစိုးရကသော်လည်းကောင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့် ဒေသခံ အဖွဲ့အစည်းတွေက ထောက်ပြပြီးတော့ ဒီဟာကို အလျင်အမြန် အရေးယူရပါမယ်။ ဒီဟာကို မှန်ကန်တဲ့ လမ်းကြောင်းကို ကျွန်တော်တို့ ပို့ဆောင်ရပါမယ်။ ဒီဟာသာလျှင် မှန်ကန်တဲ့ လုပ်ရပ်ဖြစ်ပါတယ်။ အဲဒီလိုပဲ နောင်တစ်ချိန်မှာ ဒီလိုအဖွဲ့အစည်းတွေ လာနေလို့ရှိရင် ဘေးပယောဂကြောင့် မလျော်ကန်တဲ့ လုပ်ရပ်တွေ ဖြစ်ပေါ်လာလို့ရှိရင် ဒီလိုပဲပြန်ပြီးတော့ ဒေသခံတွေနဲ့ ပဋိပက္ခတွေဟာ ဖြစ်လို့မဆုံး ဖြစ်နေမယ်ဆိုတာကို ကျွန်တော်တို့က စိုးရိမ်ပါတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ ဖွံ့ဖြိုးမှုလမ်းကြောင်းကိုရောက်ဖို့ ကြိုးစားနေတဲ့အချိန်မှာ မလျော်ကန်တဲ့ အဲဒီလိုဖွံ့ဖြိုးမှုနောက်ကျမယ့် ကိစ္စရပ်တွေကို ကျွန်တော်တို့ လုံးဝလက်မခံနိုင်ပါဘူး။ ရခိုင်လူထုတစ်ရပ်လုံးအတွက် ကျွန်တော်ဒီနေရာကနေ ပြောပါတယ်။ ကျွန်တော်တို့သည် မမှန်ကန် သောလုပ်ရပ်များ၊ ဥပဒေဘောင်နဲ့ မဆိုင်တဲ့ကိစ္စတွေကို ကျွန်တော်တို့ ဒီရဲဝံ့စွာဆန့်ကျင်ပြီးတော့ ဥပဒေဘောင်ထဲကပဲ ကန့်ကွက်မှာဖြစ်ပါတယ်။ တစ်လောကပဲ ဖတ်လိုက်ရပါတယ်။ ရခိုင်ပြည်နယ်မှာ ကလေးတွေဟာ အာဟာရချို့တဲ့နေတယ်။ ကလေးတွေရဲ့(၁၂)ရာခိုင်နှုန်းသာ ကျန်းမာရေးဌာနကို ဆေးရုံ၊ ဆေးခန်းတွေမှာ မွေးဖွားကြတယ်။ အခြေခံမူလတန်းအပ်နှံတဲ့ ကလေးတွေဟာလည်းပဲ (၃၀) ရာခိုင်နှုန်း သာရှိတယ်လို့ UNICEF က ပြောတာကို သိရပါတယ်။ ကျွန်တော်တို့ဟာ ဘယ်လိုပဲဖြစ်ဖြစ် ဖွံ့ဖြိုးရေးလာလုပ်တဲ့လူတွေကို ကျွန်တော်တို့ ကြိုဆိုရမယ်၊ ပံ့ပိုးရမယ်။ နိုင်ငံတော် အုပ်ချုပ်ရေးပိုင်းက၊ ဒေသဆိုင်ရာ အစိုးရတွေကလည်းပဲ လုံခြုံရေးကို အပြည့်အဝ ပေးနိုင်ရပါမယ်။ ဘာလို့မပေးနိုင်ရ မှာလဲ။

ကျွန်တော်တို့ ဟိုတစ်နေ့ကတောင်မှ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းကိစ္စ ပြောရင်းနဲ့ တက္ကသိုလ်ကျောင်းသားတွေဟာ မြို့ထဲမှာ အဆောင်နေကြရတယ်။ အဲဒီမှာ စိတ်ပိုင်း မလုံခြုံမှုကြောင့် ဆောက်ထားတဲ့ ခမ်းနားတဲ့ တက္ကသိုလ်ကြီးမှာ မနေရဘဲနဲ့ မဝံ့မရဲ သွားလာနေရတယ်ဆိုတာ ကျွန်တော်တို့အတွက် အင်မတန်မှ အားငယ်စရာပါ။ လုံခြုံမှုကို ဘာလို့ အပြည့်အဝ မပေးနိုင်ရမှာလဲ။ ကျွန်တော်တို့ဟာ ဥပဒေနဲ့၊ စည်းနဲ့၊ ကမ်းနဲ့နေတဲ့ တိုင်းပြည် ဖြစ်တယ်။ ဥပဒေစိုးမိုးမှုကို ကျွန်တော်တို့ ဘာလို့ မလုပ်ဆောင်နိုင်ရမှာလဲ။ ဒေသအစိုးရတွေဟာ ဘာဖြစ်လို့ အားနည်းရတာလဲဆိုတာကို ပြန်လည်သုံးသပ်ဖို့ ကောင်းပါတယ်။ ကျွန်တော်တို့ ဒီဖြစ်ခဲ့တဲ့ဖြစ်ရပ်တွေဟာဆိုလို့ရှိရင် စစ်တွေမှာ NGO, INGO တွေရဲ့ အဆောက်အဦတွေကို ဖျက်ဆီးတဲ့ အချိန်မှာ (၃)ရက် အချိန်ကြာခဲ့ပါတယ်။ ဒီလိုအချိန်တွေဘာလို့ ကြန့်ကြာခဲ့ရသလဲဆိုတာကို ပြန်ပြီးတော့ သုံးသပ်ပြီးတော့မှ စနစ် ပြောင်းရင်လည်း ပြောင်းမယ်။ ကျွန်တော်တို့ လုံခြုံရေးအစီအမံတွေကို ပိုပြီးတော့ တင်းကျပ်အောင် လုပ်ရင်လည်း လုပ်ရပါလိမ့်မယ်။

အခုရှိနေတဲ့ ရခိုင်ပြည်နယ်မှာ ပြန်ပြီးတော့ NGO, INGO အဖွဲ့အစည်းတွေဟာ ပြန်လာနေကြပါပြီ၊ ဒီလိုပြန်လာနေတဲ့အထဲမှာ နောက်ထပ်ဒီလိုမျိုးဖြစ်ရပ်တွေ မဖြစ်ရအောင်ကို ဘယ်သူက အာမခံနိုင်မလဲ၊ စောင့်ကြပ်ကြည့်ရှုရမယ် ကျွန်တော်တို့ သူတို့ကို မပြတ်စောင့်ရှောက်ပြီးတော့မှ လိုအပ်ရင်လိုအပ်သလို ချက်ချင်း သေးငယ်တဲ့ ပြဿနာကနေပြီးတော့ ပြဿနာအကြီးကြီး မဖြစ်ရအောင်၊ အမှိုက်ကစ ပြဿဒ်မီးမလောင်ရအောင်၊ ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ ဂုဏ်သိက္ခာမကျဆင်းရအောင် ကျွန်တော်တို့ ကြိုးစားပမ်းစားနဲ့ လုပ်ဆောင်ရမယ်လို့ ကျွန်တော်ယူဆပါတယ်ခင်ဗျား။ ကျွန်တော်တို့ဟာ NGO, INGO အဖွဲ့တွေကို ကြိုဆိုလျက်ပါ။ အဲဒါပဲ ကျွန်တော် Me7ssage ပေးလိုပါတယ်။ နောက်ထပ် ဒီလိုမျိုးမဖြစ်ရအောင် နိုင်ငံတော်က ဘယ်လိုများ စီမံဆောင်ရွက် ပေးထားသလဲဆိုတာကိုလည်း ကျွန်တော်တို့သိလို၍ မေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း ( ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင် ရဲ့ မေးခွန်းနဲ့ စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း က ဖြေကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနဟာ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့မှာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၈၈ နဲ့ ပြဋ္ဌာန်းခဲ့တဲ့အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း ဆိုင်ရာဥပဒေကို ကိုင်တွယ်ကျင့်သုံးပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ အဆိုပါ တည်ဆဲဥပဒေများနှင့်အညီ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့အစည်း NGO (၆၀၀) သင်းနဲ့ နိုင်ငံတကာအစိုးရမဟုတ်တဲ့ လူမှုရေးအသင်းအဖွဲ့အစည်း INGO (၉၉)သင်း၊ စုစုပေါင်း (၆၉၉) သင်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ဖွဲ့စည်းမှတ်ပုံတင်ခွင့် ပြုခဲ့ပါတယ်။ ဒီမှတ်ပုံတင်ခွင့် ပြုထားတဲ့ INGO (၉၉)သင်းအနက်မှာ ရခိုင်ပြည်နယ်မှာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ကလေးသူငယ်ကာကွယ် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ၊ ရေကောင်း ရေသန့်ရရှိရေး လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများနဲ့ စိုက်ပျိုးရေး လုပ်ငန်းများမှာ ဆောင်ရွက်မယ်လို့ ဖော်ပြထားပြီးတော့ မှတ်ပုံတင် ဆောင်ရွက်နေတဲ့ INGO (၁၃)သင်းရှိပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ထောက်ခံချက်နဲ့ မှတ်ပုံတင်ခွင့် လျှောက်ထားဆဲ INGO (၂)သင်းကလည်း လှုပ်ရှားဆောင်ရွက်လျက်ရှိရာမှာ ရခိုင်ပြည်နယ်အတွင်းမှာ စုစုပေါင်း INGO (၁၅)သင်း ဆောင်ရွက်လျက် ရှိပါတယ်။ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ NGO, INGO များဟာ မြန်မာနိုင်ငံမှာ ဆောင်ရွက်လိုတဲ့ လုပ်ငန်းများနဲ့ ပတ်သက်လို့ လုပ်ငန်းအဆိုပြုချက် Project Proposal ကို အခြေခံ သဘောတူစာချုပ် (Agreement)နဲ့ နားလည်မှုစာချွန်လွှာ MoU စာကြမ်းများကို အမျိုးသားစီမံကိန်းနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ အဆိုပြုတင်ပြပြီး မိတ္တူကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ ကို ပေးပို့ရပါတယ်။

ဒီအဆိုပြုတင်ပြချက်တွေကို အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ နဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ရဲ့ သဘောထားမှတ်ချက် ရယူပြီးတော့မှ နိုင်ငံခြားရေးရာ မူဝါဒကော်မတီ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေ စိုးမိုးရေးကော်မတီနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးများသို့ တင်ပြပြီး သဘောတူလက်မှတ် ရေးထိုး ဆောင်ရွက်ပေးလျက် ရှိပါတယ်။ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီး ဌာနက INGO အဖွဲ့များအနေနဲ့ ပတ်သက်လို့ ထုတ်ပြန်ထားတဲ့ လုပ်ငန်းလမ်းညွှန်မှာ တိုင်းဒေသကြီး ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်အဆင့်၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များကို ဖွဲ့စည်းထားရှိပြီး နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများ အချင်းချင်းနဲ့သော်လည်းကောင်း၊ ပြည်သူလူထုနဲ့ သော်လည်းကောင်း ဆက်စပ်ပေးရန် ကိစ္စရပ်များ၊ လုပ်ငန်းလမ်းညွှန် Terms of Reference scope of work မှာ ပါဝင်ခြင်းမရှိတဲ့ လုပ်ငန်းများကို ဆောင်ရွက်ခြင်းမရှိစေရေး ကြီးကြပ်ပေးတဲ့ ကိစ္စရပ်များကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဒါ့အပြင် အဆိုပါ လမ်းညွှန်မှာပါရှိတဲ့ INGO အဖွဲ့များ ဆောင်ရွက်တဲ့ လုပ်ငန်းစီမံချက်များနဲ့ စပ်လျဉ်းလို့ လစဉ်အစီရင်ခံစာများ၊ (၃)လတစ်ကြိမ် အစီရင်ခံစာများကို အမျိုးသားစီမံကိန်းနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့တင်ပြရန်ဖြစ်ကြောင်း၊ ဒီအစီရင်ခံစာမှာ ပြန်လည်သုံးသပ်ပြီးတော့မှ လိုအပ်ချက်များရှိလို့ရှိရင် သက်ဆိုင်ရာ အဖွဲ့အစည်း များနဲ့ ညှိနှိုင်း ဆွေးနွေးရန်ဖြစ်ကြောင်း ဖော်ပြပါရှိပါတယ်။

ယခင်က ရခိုင်ပြည်နယ်အတွင်းမှာ INGO အဖွဲ့အစည်းများရဲ့ လုပ်ဆောင်ချက်များဟာ ပွင့်လင်းမြင်သာမှု မရှိတဲ့အတွက်ကြောင့်လည်းကောင်း၊ ဒေသခံပြည်သူလူထုနဲ့ အဖွဲ့အစည်းများကြားမှာ ဆက်စပ်ညှိနှိုင်းပေးမှု ကြီးကြပ်မှုများအားနည်းတဲ့အတွက်လည်းကောင်း၊ အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်လာပြီးတော့ မလိုလားအပ်တဲ့ ပဋိပက္ခများ ဖြစ်ပေါ်ခဲ့တာကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ထိုကဲ့သို့ဖြစ်စဥ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် ပြည်ထောင်စုအဆင့် အရေးပေါ်ညှိနှိုင်းပေါင်းစပ်ရေး (Union Level Emergency Coordination Centre - ECC) ကို ဥက္ကဋ္ဌအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း၊ အဖွဲ့ဝင်များအဖြစ် ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များနဲ့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးမှ ကိုယ်စားလှယ်၊ INGO အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စစ်တွေမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ကိုယ်စားလှယ်၊ အမျိုးသားကိုယ်စားလှယ်၊ အမျိုးသမီးကိုယ်စားလှယ်နဲ့ မြို့မိမြို့ဖများဖြင့်လည်းကောင်း၊ ပြည်နယ်အဆင့်၏ အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေး centre ကို ဥက္ကဋ္ဌအဖြစ် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီး၊ ဒုတိယဥက္ကဋ္ဌ အဖြစ် ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီး၊ အဖွဲ့ဝင်များဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ INGO အဖွဲ့အစည်းများက ကိုယ်စားလှယ်များ၊ ပြည်နယ် မိခင်နဲ့ကလေး စောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး၊ မြို့မိမြို့ဖများဖြင့် မြို့နယ်အဆင့် အရေးပေါ် ပေါင်းစပ်ညှိနှိုင်း Centre ကိုလည်း အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ယခုအချိန်အခါ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်တဲ့ကာလဖြစ်တာနဲ့အညီ ကုလသမဂ္ဂအဖွဲ့အစည်းများ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအနေနဲ့ မိမိတို့ရဲ့လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာမှာ People Centre Service ဖြစ်ရန်လိုအပ်ပြီးတော့ ပွင့်လင်းမြင်သာစွာဆောင်ရွက်ရန် ဒါ့အပြင် အဆိုပါအဖွဲ့အနေနဲ့ ၎င်းတို့နဲ့သက်ဆိုင်ရာဝန်ကြီးဌာနများအကြားမှာရေးထိုးထားတဲ့ နားလည်မှုစာချွန်လွှာပါလုပ်ငန်းများ အသင်းအဖွဲ့မှတ်ပုံတင်ပါလုပ်ငန်း အကြောင်းအရာများကိုသာ ဆောင်ရွက်သွားရန် အဆိုပါအဖွဲ့များအနေနဲ့ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း သွားလာလှုပ်ရှားမှုများ ဆောင်ရွက်ရာတွင်လည်းကောင်း ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြို့နယ်အလိုက် ဖွဲ့စည်းထားရှိပြီးဖြစ်တဲ့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ မြို့နယ်အထောက်အကူပြု ကော်မတီ မြို့နယ်စည်ပင်သာယာရေးကော်မတီများနဲ့ ပေါင်းစပ်ညှိနှိုင်း ပြီးတော့ အများပြည်သူလူထု သိရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေနဲ့ လူမှုအကျိုးစီးပွား ရလဒ်ကောင်းများကို ဖန်တီးဆောင်ရွက်ရာမှာ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံအစိုးရ မဟုတ်တဲ့ လူမှုရေးအသင်းအဖွဲ့များရဲ့ အခန်းကဏ္ဍက အထူးအရေးကြီးပါတယ်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ်မှု အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေး Centre အဖွဲ့များနှင့် ဒေသခံပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုများနဲ့ သက်ဆိုင်ရာ

ဝန်ကြီးဌာနနဲ့ MoU နားလည်မှုစာချွန်လွှာပါ လက်မှတ်ရေးထိုးထားတဲ့ စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာရေး တို့ကို ကြီးကြပ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

နိုင်ငံတကာ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့ INGO များရဲ့ မမှန်မကန် လုပ်ရပ်တွေရှိမယ်ဆိုလို့ရှိရင်လည်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်အဆင့် အရေးပေါ် ပေါင်းစပ် ညှိနှိုင်းရေး Centre များက စောင့်ကြပ်ကြည့်ရှုပြီး သတင်းရယူမှု၊ ချပြဆွေးနွေးမှု သတင်းထုတ်ပြန် ပေးမှုများကို နည်းလမ်းတကျ ထိန်းကျောင်းပေးပြီးတော့ မကျေနပ်မှုများကို မျက်နှာချင်းဆိုင် အချိန်နှင့် တစ်ပြေးညီ ပွင့်လင်းမြင်သာစွာ ဆွေးနွေးဖြေရှင်းပေးလျက်ရှိပါတယ်။ ဒေသတည်ငြိမ်အေးချမ်းရေး အတွက် ပြဿနာရပ်များကို အားလုံး လက်တွဲပြီး တာဝန်ယူတာဝန်ခံစိတ်နဲ့ ပွင့်လင်းမြင်သာစွာ ဖြေရှင်းဆောင်ရွက်လျက်ရှိတဲ့အတွက် မလိုလားအပ်တဲ့ ထိပ်တိုက်တွေ့ဆုံမှုများ ပဋိပက္ခပြဿနာများ ထပ်မံ မဖြစ်ပွားစေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးခြင်းနှင့် စပ်လျဉ်းသည့် အနိမ့်ဆုံးအသက်အရွယ် ကန့်သတ်ချက်နှင့် ဆေးလိပ်သောက်သုံးမှု လျှော့နည်းပပျောက်ရေး ပြုလုပ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် က မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးခြင်းနှင့် စပ်လျဉ်းသည့် အနိမ့်ဆုံးအသက်အရွယ် ကန့်သတ်ချက်နှင့် ဆေးလိပ် သောက်သုံးမှု လျှော့နည်းပပျောက်ရေး ပြုလုပ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်း တဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်က ရှမ်းပြည်နယ်မြောက်ပိုင်း မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ ကြွရောက်လာ ကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခု ကျွန်တော် မေးမြန်းချင်တဲ့ အချက်အလက်က ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဆေးလိပ်သောက်သုံးခြင်းနဲ့ စပ်လျဉ်းတဲ့ အနိမ့်ဆုံးအသက်အရွယ် ကန့်သတ်ချက်နှင့် ဆေးလိပ်သောက်သုံးမှု လျှော့နည်းပပျောက်ရေး ပြုလုပ်ရန် အစီအစဉ် ရှိ/မရှိ ဆိုသည့်ကိစ္စနဲ့ပတ်သက်ပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီကနေ့ ကျွန်တော်တို့ တစ်ကမ္ဘာလုံးမှာရှိနေတဲ့ လူသားရဲ့ အန္တရာယ်တစ်ခုဟာ ဆေးလိပ်သောက်ခြင်းပဲ ဖြစ်ပါတယ်လို့ ကျွန်တော်တို့ သုတေသနအဖွဲ့ရဲ့ ဖော်ပြချက်အရ သိရှိရပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ လူသားတွေကလည်း ဆေးလိပ်သောက်တဲ့အတွက်ကြောင့် နှစ်စဉ် လူ ငါးသန်းလောက် အသက် သေဆုံး ကွယ်ပျောက်ရတယ် ဆိုတဲ့အကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။

ဒီလို ဆေးလိပ်သောက်ခြင်း အခြေအနေဟာ ကျွန်တော်တို့ တစ်ကမ္ဘာလုံးအနေနဲ့ လူ ၃ ယောက်မှာ ၁ ယောက် သောက်သုံးပြီးတော့ ပစိဖိတ်နဲ့ ကျွန်တော်တို့ အာရှဒေသမှာဆိုရင် ၃ ယောက် ကို ၂ ယောက်လောက် ဆေးလိပ်သောက်ရှိကြောင်းလည်း၊ သောက်နေကြောင်းလည်း Scientific Committee on tobacco and Health အဖွဲ့အစည်းကနေ ကြေညာတာကို ကျွန်တော်တို့ လေ့လာသိရှိရပါတယ်။

အဲဒီတော့ ဆေးလိပ်သောက်ခြင်းဟာ ဖြစ်ပေါ်လာတဲ့ ရုပ်ဆိုးတဲ့အခြေအနေက ကျွန်တော်တို့ရဲ့ ကျန်းမာရေး အခြေအနေတွေကို တော်တော့်ကို ထိခိုက်ခြင်းရှိတဲ့အကြောင်း အများအားဖြင့် ကျွန်တော်တို့ ဆီးကျိတ်ရောဂါတို့၊ အဆုတ်ရောဂါတို့၊ ကင်ဆာရောဂါတို့စတဲ့ ရောဂါ ၂၅ မျိုးလောက်က ပိုပြီးတော့ ဆေးလိပ်ရဲ့ တွန်းအားနဲ့ အဖြစ်များတယ်လို့ ဆိုပါတယ်။ အဲဒီတော့ ဒီဆေးလိပ်ဟာ လူ့ရဲ့ကျန်းမာရေးကို ဒီလို ထိခိုက်ရုံသာမကဘူး၊ အမျိုးသမီးအပိုင်းမှာ ဆိုလို့ရှိရင် သားအိမ်ခေါင်း၊ ရင်သားကင်ဆာနဲ့ နောက်ပြီးတော့ ကျွန်တော်တို့ လူစဉ်မမီတဲ့ကလေးတွေကိုလည်း မွေးဖွားနိုင်တယ်လို့ ဖော်ပြတာကို တွေ့ရှိရပါတယ်။

အဲဒီတော့ ဆေးလိပ်သောက်ခြင်းရဲ့ အခြေအနေဆိုးတစ်ခုက ကျွန်တော်တို့ ဒီကနေ့ကမ္ဘာတစ်ခုလုံးကို ခြိမ်းခြောက်နေတဲ့ မူးယစ်ဆေးဝါး သောက်သုံးမှုကို ပေါင်းကူးတံတားအဖြစ် ပို့ဆောင်သွားတဲ့ အရာတစ်ခု ဖြစ်တယ်ဆိုတာလည်းပဲ ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်။

အဲဒီတော့ ကျွန်တော်တို့သည် မူးယစ်ဆေးဝါး၊ စိတ်ကို ပြောင်းလဲစေတဲ့ ဆေးဝါးကို သုံးသောက်တဲ့အခါမှာ ကျွန်တော်တို့ လူငယ်လူရွယ် အနာဂါတ် တိုင်းပြည်ရဲ့ အကျိုးကို သယ်ဆောင်ပို့ပေးဖို့ဟာ ဒါလည်းပဲ အဖျက်အဆီး တစ်ခု ဖြစ်ပါတယ်။ ဒီလို မိသားစုတစ်ခုအတွင်းမှာ မူးယစ်ဆေးဝါး သောက်သုံးတဲ့လူကလည်း မိသားစုအတွင်းမှာ အင်မတန်မှ ရှုပ်ထွေးပွေလီတဲ့ အရာများကိုလည်း ပေါ်ပေါက်စေတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီဆေးနဲ့ ပတ်သက်လို့ရှိရင် ဆေးရဲ့ ဆေးလိပ်ထဲမှာ အဆိပ်ဖြစ်စေတဲ့ ဒြပ်စင်တွေ ပါဝင်သလို ဒီလို ပိုမိုပြီးတော့ ဆိုးရွားနေတဲ့ မူးယစ်ဆေးဝါး သောက်သုံးဖို့ အခြေခံတစ်ခုလည်း ဖြစ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

အဲဒီတော့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီ့ပြင် ဆေးလိပ်သောက်တဲ့ အနေအထားဟာ ငွေကုန်ကြေးကျကုန်တဲ့အပြင် လူကိုလည်း ဆုတ်ယုတ်စေတဲ့ အရာများ ဖြစ်ပေါ်စေတဲ့အတွက်ကြောင့် ဆေးလိပ်သောက်သုံးမှုနဲ့ပတ်သက်ပြီးတော့ ကန့်သတ်ချက် တစ်ခုတော့ထားဖို့ လိုအပ်ပါတယ်လို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ ဒီဆေးလိပ်ရဲ့သောက်သုံးတာဟာ ဒီကနေ့ လူငယ်တွေကလည်း လွယ်လွယ်ကူကူ သောက်သုံးနိုင်တယ်။ အထူးသဖြင့် ကျွန်တော်တို့ မြန်မာပြည်မှာ နေရာအနှံ့အပြား၊ စားသောက်ဆိုင်မှာပဲဖြစ်ဖြစ်၊ လက်ဖက်ရည်ဆိုင်မှာပဲဖြစ်ဖြစ် ဝင်တဲ့အချိန်မှာ ငွေအမ်းစရာ မရှိတဲ့အချိန်မှာ ဆေးလိပ်နဲ့ ပင်တောင်မှ ပြန်အမ်းတဲ့အနေအထားလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ဒီတော့ ဒီဆေးလိပ်ကို ကျွန်တော်တို့ သောက်နေတဲ့ အနိမ့်ဆုံး အသက်အရွယ်ကန့်သတ်မှုကိုလည်း ပြုသင့်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကမ္ဘာပေါ်မှာ လူသားတွေကို အင်မတန်ပဲ ဒုက္ခပေးနေတဲ့ ဒီဆေးဟာ အကန့်အသတ် တစ်ခုခုနဲ့တော့ ဆောင်ရွက်မှပဲ ပိုပြီးတော့ ထိရောက်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ဆေးလိပ်သောက်သုံးတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့

လေ့လာကြည့်တဲ့အခါမှာ ဟိုး ပျူခေတ်ကတည်းက ဆေးတံတွေ သုံးတာတွေကို လေ့လာတွေ့ရှိခြင်းအားဖြင့် ဒီဆေးလိပ်မှာလည်းပဲ ခင်တွယ်မှု ရှိတယ်လို့ လေ့လာသိရှိရပါတယ်။ အဲဒီတော့ ဒီဆေးလိပ်ကို ကျွန်တော်တို့နိုင်ငံမှာ ထိန်းကွပ်မှု တစ်စုံတစ်ရာ မလုပ်ခဲ့လို့ရှိရင် အနာဂါတ် ကျွန်တော်တို့နိုင်ငံအတွက် လူ့စွမ်းအား အရင်းအမြစ်ကို ယုတ်လျော့စေတဲ့အရာတစ်ခုလည်း ဖြစ်တယ် လို့ တင်ပြလိုပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဆေးလိပ်သောက်သုံးမှုနဲ့ပတ်သက်ပြီးတော့ လွယ်လွယ် ရလွယ်တဲ့နေရာများ ရှိတဲ့အတွက်ကြောင့် ကလေးသူငယ်အစ မိမိရဲ့ အလိုကျဖြစ်ဖြစ် ဆေးလိပ်သောက်ခြင်းဖြင့် Style တစ်မျိုး ပေါ်ပေါက်တဲ့ အယူအဆလေးပဲဖြစ်ဖြစ် ဒါလေးတွေက ပေါ်ပေါက်တတ်တာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ဆေးလိပ်သောက်သုံးမှုကို ကျွန်တော်တို့ အထူးထိန်းချုပ်ဖို့ လိုအပ်တယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီကနေ့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့အချက် အနေနဲ့ကတော့ မြန်မာနိုင်ငံမှာ ဆေးလိပ်သောက်သုံးမှုနှင့် စပ်လျဉ်းသည့် အနိမ့်ဆုံးအသက်အရွယ် ကန့်သတ်ရေးနှင့် ဆေးလိပ်သောက်သုံးမှု လျော့နည်းပပျောက်ဖို့အရေးထိ ဆောင်ရွက်ဖို့တော့ လိုအပ်တယ်လို့ ယူဆတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၂၀၀၇ ခုနှစ် မေလကစပြီးတော့ လုပ်ဆောင်မှု ရှိသော်ငြားလည်း ဒီဥပဒေက ထိရောက်တဲ့ ဆောင်ရွက်ချက်တွေ မလုပ်ဆောင်နိုင် သေးဘူးလို့ ယူဆတဲ့အတွက်ကြောင့် ဒီဆေးလိပ်သောက်သုံးခြင်းဟာလည်း ဒီကနေ့အထိ ဆက်လက်ပြီးတော့ ကျယ်ပြန့်နေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ သောက်သုံးမှု အနိမ့်ဆုံး အသက်အရွယ်ကန့်သတ်ရေးနှင့် ဆေးလိပ်သောက်သုံးမှု လျော့ပါးရေးအတွက် ပြုလုပ်ဆောင်ရွက်တဲ့ အစီအစဉ် ရှိ/မရှိ စတဲ့အချက်နဲ့ပတ်သက်ပြီးတော့ ကျွန်တော် မေးမြန်းသွားခြင်းဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၃။**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ရှမ်းပြည်နယ် အမှတ် (၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းဟာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မှ ပြန်လည်ဖြေကြားတင်ပြသွားပါမယ်။ ဆေးလိပ်၊ ဆေးရွက်ကြီးတွင် ကင်ဆာရောဂါအပါအဝင် နာတာရှည်ရောဂါမျိုးစုံ ဖြစ်ပွားစေနိုင်တဲ့ အဆိပ်ဓာတ်ပစ္စည်းပေါင်း (၄၀၀၀)ကျော်ပါဝင်ကြောင်း သိရှိရသော်လည်း တရားဝင်စိုက်ပျိုးထုတ်လုပ်တင်သွင်း ရောင်းချခွင့်ပြုထားတဲ့ ကုန်ပစ္စည်းတစ်မျိုး ဖြစ်နေပါတယ်။ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသော အမျိုးသား အစားအသောက်ဥပဒေနှင့် အမျိုးသားဆေးဝါးဥပဒေအရ ဆေးရွက်ကြီးသည် အစားအသောက်နှင့် ဆေးဝါးတို့တွင် ပါဝင်ခြင်း မရှိပါ။

သို့ရာတွင် ဆေးလိပ်၊ ဆေးရွက်ကြီး အန္တရာယ်ကို ထိရောက်စွာကာကွယ်နိုင်ရန်အတွက် ၂၀၀၃ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ နိုင်ငံအားလုံး သဘောတူရေးဆွဲ ပြဋ္ဌာန်းထားခဲ့တဲ့ ဆေးလိပ်၊ ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ Convention ကို မြန်မာနိုင်ငံအနေဖြင့် ၂၀၀၃ ခုနှစ်ကတည်းကပင် သဘောတူ လက်မှတ်ရေးထိုးကာ အဖွဲ့ဝင်အဖြစ် ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ တင်ပြပါ Convention ၏ အချက်များအပေါ် အခြေခံ၍ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ် မေလတွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၇ ခုနှစ် မေလတွင် စတင်အာဏာ သက်ဝင်ခဲ့ပါတယ်။ အဆိုပါ ဥပဒေအရ အသက် (၁၈) နှစ်အောက် ကလေးများကို ဆေးလိပ်ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ဆေးလိပ် ဖြန့်ဖြူး ရောင်းချရာတွင် အသက်(၁၈)နှစ်အောက်ကလေးများအား ခိုင်းစေခြင်းတို့ကို တားမြစ်ထားခဲ့ပြီး ဖြစ်ပါတယ်။

ထို့အပြင် ကလေးများ လက်လှမ်းမမီနိုင်ရေးအတွက် ကျောင်းပရဝုဏ်အတွင်းနှင့် ကျောင်း ပရဝုဏ်မှ ပေ(၁၀၀)အတွင်း ဆေးလိပ်ရောင်းချခြင်း၊ အလိပ်ရေများကိုရောင်းချခြင်းကို တားမြစ် ထားခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် ၂၀၀၀ ပြည့်နှစ်မှစ၍ ဆေးလိပ်၊ ဆေးရွက်ကြီးကင်းဝေးရေး စီမံချက်ကိုစတင်ခဲ့ပြီး ဆေးလိပ်၊ ဆေးရွက်ကြီး အန္တရာယ်ကြောင့် ဆွေးနွေး ခန်းများ၊ ဇာတ်လမ်းများကို ရိုက်ကူး၍ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်၍လည်းကောင်း၊ သတင်းစာနှင့် မဂ္ဂဇင်းတို့တွင် ရေးသားဖော်ပြ၍လည်းကောင်း နှစ်စဉ် မေလ ၃၀ ရက်နေ့၊ ၃၁ ရက်နေ့၌ နေပြည်တော်တွင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးနှင့် ကမ္ဘာ့ဆေးလိပ် မသောက်သုံးရေးနေ့ အခမ်း အနားများ ကျင်းပ၍လည်းကောင်း ပိုစတာနှင့် လက်ကမ်းစာစောင်များ ထုတ်လုပ်ဖြန့်ဝေ၍ အခြေခံ ကျန်းမာရေးဝန်ထမ်းများမှတစ်ဆင့် ပြည်သူများအား ကျန်းမာရေးပညာပေးခြင်း၊ မြို့နယ်များရှိ ကျောင်းကျန်းမာရေး အဖွဲ့များအနေဖြင့် အခြေခံကျောင်းများတွင် ပညာပေးဟောပြောခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ဆေးလိပ်သောက်သုံးမှုကို ကန့်သတ်သောအားဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ၄-၂-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၃ ကို ထုတ်ပြန်ကာ နိုင်ငံခြားမှ စီးကရက်များ တင်သွင်းခြင်းကို တားမြစ်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန သည်လည်း ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲငယ် (ဂ) (ဃ)၊ ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ဖော်ပြပါ အမိန့်ကြော်ငြာစာ (၂)စောင်ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ (က) ၃-၃-၂၀၁၄ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၄ ဖြင့် ဆေးလိပ်သောက်သုံးခွင့်မရှိသော နေရာကို ဖော်ညွှန်းသည့်စာတမ်းတွင် အမှတ်အသားများကိုသတ်မှတ်သည့် အမိန့်ကြော်ငြာစာ (ခ) ၃-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၄ ဖြင့် ဆေးလိပ်သောက်သုံးခွင့်ရှိသော သီးသန့်နေရာ၌ စီမံထားရှိရမည့် လိုအပ်ချက်များကို သတ်မှတ်သည့် အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပိုမိုသိရှိ လိုက်နာ ကျင့်သုံးလာစေရန် ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်များမှလည်း ဥပဒေအတိုင်း ထိရောက်စွာ အကောင်အထည်ဖော်

ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော နည်းဥပဒေများကို ညှိနှိုင်းရေးဆွဲလျက်ရှိပါကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သန်လျင်မြို့နယ်၊ ကဒက်ဖြာကျေးရွာအုပ်စု လယ်မြေများသို့ တည်ဆောက်ရေး(၆) ကမ်းပတ်တာပျက်စီးပြီး ပဲခူးမြစ်ရေ ဝင်ရောက်သည့်အတွက် အဆိုပါကမ်းပတ်တာကို ပြန်လည်ပြုပြင်မြေဖို့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ မြင့်ကြည် က သန်လျင်မြို့နယ်၊ ကဒက်ဖြာကျေးရွာအုပ်စု လယ်မြေများသို့ တည်ဆောက်ရေး (၆) ကမ်းပတ်တာပျက်စီးပြီး ပဲခူးမြစ်ရေ ဝင်ရောက်သည့်အတွက် အဆိုပါကမ်းပတ်တာကို ပြန်လည်ပြုပြင်မြေဖို့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သန်လျင်မြို့နယ်၊ ကဒက်ဖြာကျေးရွာအုပ်စု လယ်မြေများသို့ တည်ဆောက်ရေး(၆)ကမ်း ပတ်တာပျက်စီးပြီး ပဲခူးမြစ်ရေဝင်ရောက်သည့်အတွက် အဆိုပါကမ်းပတ်တာကို ပြန်လည်ပြုပြင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်တဲ့ မေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီ ၂၀၀၆ တည်ဆောက်ရေး (၆) က ခရမ်းရေထိန်းတံခါးကို တည်ဆောက်ပြီးတဲ့အချိန်မှာ ခုကျွန်တော်တို့ ကဒက်ဖြာကျေးရွာကနေပြီးတော့ အနောက်ဘက်မှာရှိတဲ့ ကျွန်တော်တို့ ဒီ ၁ မိုင်ခွဲလောက်ရှည်တဲ့ ပဲခူးမြစ်ရေ ကမ်းပတ်တာကို တည်ဆောက်ပေးခဲ့ပါတယ်။ ခုအခါမှာ ဒီကမ်းပတ်တာဟာ အချို့နေရာတွေမှာ ကျိုးပဲ့ပေါက်ပြဲနေတဲ့အတွက်ကြောင့် နှစ်စဉ်သာ မိုးတွင်းခါကျရင် (၁၅) ရက်တစ်ကြိမ် (၁၅) ရက်တစ်ကြိမ် ရေတွေဟာ လျှံပြီးတော့ အဲဒီကနေ ဝင်လာပါတယ်။ ဝင်တဲ့အတွက်ကြောင့် စိုက်ပျိုးရေးအတွက် အင်မတန်မှ တောင်သူလယ်သမားကြီးတွေ ဒုက္ခရောက်နေကြပါတယ်။ နောက်တစ်ခုက ရေထိန်းတံခါးကနေပြီးတော့မှ ကျေးရွာချင်းဆက်လမ်း ရှိပါတယ်။

အဲဒီတော့ အဲဒီ ကျေးရွာချင်းဆက်လမ်းကိုလည်းပဲ ခုနတုန်းက ဝင်လာတဲ့ရေတွေဟာ ကျော်ဖြတ်သွားပြီးတော့ အထဲကိုရောက်သွားပါတယ်။ ရောက်သွားတဲ့အတွက်ကြောင့် ခုနတုန်းက ကဒတ်ဖြာကျေးရွာအုပ်စုမှာရှိနေတဲ့ လယ်မြေဧက (၃၀၀)လောက်ဟာ စိုက်ပျိုးဖို့ အခက်အခဲနဲ့ နှစ်စဉ်ကြုံတွေ့ရပါတယ်။ နောက် ညောင်လေးပင်အုပ်စုမှာရှိနေတဲ့ အဲဒီ ဧက (၁၀၀)၊ ဒါလည်းပဲ စိုက်ပျိုးဖို့ အခက်အခဲတွေ ကျွန်တော်တို့ တွေ့ကြုံနေရပါတယ်။ နောက်တစ်ခုက ရေဝင်သွားတဲ့ အတွက်ကြောင့် မွေးမြူရေးလုပ်ငန်းတွေလည်းပဲ ပျက်စီးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီကမ်းပတ်တာကို ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၁။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ရင်း နှုတ်ဆက်ရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ရန်ကုန်တိုင်းဒေသကြီး အမှတ် (၈) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် မေးမြန်းချက်အပေါ်ကို ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်ဇော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မှ ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၊ ကဒက်ဖြာကျေးရွာအုပ်စု၊ ကဒတ်ဖြာကျေးရွာ အနောက်ဘက်ရှိ ပဲခူးမြစ်ကမ်းအနီး ကမ်းပတ်တာ တာအရှည် (၁၀၄၀၀ ပေ၊ ပျမ်းမျှအမြင့် ၇.၅ ပေ၊ တာဘောင်အကျယ် (၁၀)ပေကို ခရမ်းရေထိန်းတံခါး တည်ဆောက်စဥ် ၂၀၀၆ ခုနှစ်က တည်ဆောက် ခဲ့ခြင်း ဖြစ်ပါတယ်။ အဆိုပါ ကမ်းပတ်တာ တာဘောင်ပေါ်တွင် ကျေးရွာမှ ကျွဲလမ်း၊ နွားလမ်းအဖြစ် အသုံးပြုခဲ့၍လည်းကောင်း၊ တာချိုးဖောက်၍ ရေသွင်း၊ ရေထုတ်ပြုလုပ်ပြီး ငါးထောင် ကြသော ကြောင့်လည်းကောင်း တာကျိုးပေါက်ပျက်စီးမှုရှိခဲ့သဖြင့် လက်ရှိတာမှာ အမြင့် (၅)ပေ၊ အကျယ်(၅) ပေခန့်သာ ကျန်ရှိပြီး ပြန်လည်ပြုပြင်ပေးရန် လိုအပ်လျက်ရှိပါတယ်။

သို့ပါ၍ ပဲခူးမြစ်ကမ်းဘေး ကမ်းပတ်တာ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းကို ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ ရန်ပုံငွေ တင်ပြတောင်းခံရန် ညှိနှိုင်း၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ပြုပြင်တည်ဆောက်ပြီးစီးပါက ဒေသမှ ကြပ်မတ်ထိန်းသိမ်း စောင့်ရှောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ကျန်ဗား ကျေးရွာအုပ်စု(၇)ရွာ ပတ်ဝန်းကျင်မှ ထွက်ရှိသည့် အဖိုးတန် ကျွန်း၊ သစ်မာများကို ကုမ္ပဏီများမှထုတ်ယူခွင့်ကိစ္စနှင့် စပ်လျဉ်း၍ ကျန်ဗားကျေးရွာအုပ်စု(၇)ရွာမှ ကန့်ကွက်မှုအပေါ် အရေးယူ ဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် က ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ကျန်ဗားကျေးရွာအုပ်စု(၇)ရွာ ပတ်ဝန်းကျင်မှ ထွက်ရှိတဲ့ အဖိုးတန် ကျွန်း၊ သစ်မာ များကို ကုမ္ပဏီများမှထုတ်ယူခွင့်ကိစ္စနှင့် စပ်လျဉ်း၍ ကျန်ဗားကျေးရွာအုပ်စု(၇)ရွာမှ ကန့်ကွက်မှု

အပေါ် အရေးယူ ဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစတီဗင်သာဘိတ် မှ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ကျန်ဗားကျေးရွာအုပ်စု ပတ်ဝန်းကျင်မှ ထွက်ရှိတဲ့ အဖိုးတန် ကျွန်း၊ သစ်မာများကို ကုမ္ပဏီများမှထုတ်ယူခွင့်ကိစ္စနှင့် စပ်လျဉ်း၍ ကျန်ဗားကျေးရွာ အုပ်စု(၇)ရွာမှ ကန့်ကွက်မှုအပေါ် အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုခြင်း ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟားခါးမြို့နယ်၊ ကျန်ဗားကျေးရွာ(၇)ရွာများသည် ဟားခါးမှ မိုင်(၆၀)ခန့်နဲ့ မကွေးတိုင်း ဂန့်ဂေါနယ်မှ မိုင်(၂၀)ခန့် ဝေးသော အုပ်စုတစ်စုဖြစ်ပြီး ချင်းပြည်နယ်နဲ့ မကွေးတိုင်း နယ်စပ်မှာ တည်ရှိနေတဲ့ ကျေးရွာများ ဖြစ်ကြပါတယ်။ ၎င်းကျေးရွာအုပ်စု ပတ်ဝန်းကျင်မှာ ထွက်ရှိနေတဲ့ အဖိုးတန်ကျွန်း၊ သစ်မာများစွာပေါ်ပေါက်ပြီး ကျွန်တော်တို့ ချင်းပြည်နယ်အတွင်း သယံဇာတထွက်ရှိသော ဒေသတစ်ခုဖြစ်ပါတယ်။ ယခင်အစိုးရလက်ထက်ကတည်းက ချင်းပြည်နယ် သစ်ထုတ်လုပ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာနမှ သစ်မာ၊ ကျွန်းစသည့် ထုတ်လုပ်မှုကို နိုင်ငံတော်အတွက် နှစ်ရှည်စီမံကိန်း၊ (၅)နှစ်စီမံကိန်း သတ်မှတ်ပြီး ကျွန်တော်တို့ ချင်းပြည်နယ်အတွင်းမှ ထုတ်ကုန်အဖြစ် တန်ဖိုး မြောက်များစွာရှိသော၊ တိုင်းပြည်အပေါ်အကျိုးပြုသော ဒေသတစ်ခုဖြစ်နေပါတယ်။ တရားဝင် ထုတ်လုပ်မှုအပြင် တရားမဝင် မသမာသောကုမ္ပဏီများနဲ့ ပုဂ္ဂိုလ်အချို့တို့ကလည်း ၎င်းဒေသမှ ကျွန်း၊ သစ်မာကို ထုတ်ယူပြီး ၎င်းတို့ကိုယ်ကျိုးအတွက် အသုံးချနေခြင်းများလည်း နည်းသောတန်ဖိုး မဟုတ်ပါ။ ယခုဆိုလျှင် ၎င်းတန်ဖိုးရှိ ကျွန်း၊ သစ်မာများ ကုန်သလောက်နီးပါးဖြစ်နေကြောင်းကို ၎င်းကျေးရွာအုပ်စု လူထုကရော၊ ဟားခါးမြို့နယ်လူထုကပါ သဘောပေါက်နားလည်လာကြပါတယ်။ မိမိတို့မြို့နယ် ထွက်ရှိမှုအပေါ် ဘာမှခံစားခွင့်မရှိကြောင်းလည်း သဘောပေါက် နားလည်လာကြပါတယ်။ မြေအောက် သယံဇာတဖြစ်သော သတ္တုပစ္စည်းမဟုတ်သော်လည်း မြေပေါ်သယံဇာတအဖြစ် တန်ဖိုး မဖြတ်နိုင်သော ပစ္စည်းဖြစ်ကြောင်းကို၊ လူတိုင်းမှ သဘောပေါက်ကြောင်းကို ဆန္ဒဖော်ထုတ်မှု၊ ကန့်ကွက်မှုများ ရှိလာ တာကို ဧပြီလအတွင်း လွှတ်တော်အတွေ့အကြုံရှင်းလင်းတဲ့အခါမှာ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျန်ဗားအုပ်စု(၇)ရွာ အနီးအနား ထုတ်လုပ်နေသော ဦးစံရှား ကုမ္ပဏီနှင့် P.T.E များအားလုံး အကွက်(၁၅)မှ (၁၉)အထိ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ အတွင်း ကျွန်း၊ သစ်မာများ ထုတ်ယူကြရာတွင် သက်ဆိုင်ရာကျေးရွာအုပ်စုများအပေါ် ပွင့်လင်းမြင်သာမှု မရှိခြင်း၊ ညှိနှိုင်းဆောင်ရွက်မှုမရှိခြင်း၊ လမ်းတံတားများပျက်စီးမှုရှိခြင်း၊ မိမိတို့နှင့် မဆိုင်သလိုနေရခြင်း၊ တောမီးရှို့ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းစေခြင်း စသည်တို့များကို လူထုနှင့်ဆိုင်သော ဆိုးကျိုးများ ပေါ်ပေါက်နေတာကို ကန့်ကွက်နေကြကြောင်း ပူးတွဲပါစာအရရော၊ လူထုကိုယ်တိုင်တင်ပြချက်အရရော ကြားသိရပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများကို ကျွန်တော် ဉက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းချင်ပါတယ်။ (က) သက်ဆိုင်ရာ ကျန်ဗားကျေးရွာအုပ်စု(၇)ရွာမှ တင်ပြကန့်ကွက်မှုကို အလေးထား အရေးယူ ဆောင်ရွက်မှု ရှိမရှိ။ (ခ) သက်ဆိုင်ရာကုမ္ပဏီများသည် ကျေးရွာလူထုများနှင့် ပွင့်လင်းမြင်သာမှု ရှိအောင် သဘောတူညီနိုင်းမှု အစီအစဉ်များ ဆောင်ရွက်ရန် ရှိမရှိ။ (ဂ) သက်ဆိုင်ရာကုမ္ပဏီများ အနေဖြင့် ကျေးရွာလူထုနှင့် ညှိနှိုင်းဆောင်ရွက်မှုမရှိပါက နိုင်ငံတော်အစိုးရမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန အနေနဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်၍ လမ်းညွှန်မှုပေးရန် အစီအစဉ် ရှိ၊ မရှိ။ (ဃ) မရှိပါက အဘယ်ကြောင့်နည်း ဆိုတာကို အမျိုးသား လွှတ်တော် ဉက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကျေးရွာ(၇)ရွာတို့၏ လူထုကိုယ်စား သော်လည်းကောင်း၊ ဟားခါးမြို့နယ်လူထု၏ ကိုယ်စားသော်လည်းကောင်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၈။**

**ဦးအေးမြင့်မောင် (ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဉက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ရဲ့ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ကျန်ဗား ကျေးရွာအုပ်စု(၇)ရွာရဲ့ ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျွန်း၊ သစ်မာများကို ကုမ္ပဏီများမှ ထုတ်ယူခွင့် ကိစ္စနှင့် ပတ်သက်လို့ ကန့်ကွက်မှုအပေါ် အရေးယူ ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း ပြန်လည်ပြီးတော့မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်စီးပွားဖွံ့ဖြိုး တိုးတက်ရန်အတွက် နိုင်ငံတော်ရဲ့ သဘာဝ သယံဇာတများကို ထုတ်လုပ်ရောင်းချရာမှာ အဓိကအားဖြင့် သစ်ထုတ်လုပ်ရောင်းချမှုမှာ သစ်တောသယံဇာတ အရင်း အမြစ်များ ရေရှည်တည်တံ့ရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတို့အတွက် အစဉ် တစိုက် အလေးထားချိန်ဆပြီး ထာဝစဉ်တည်တံ့စေတဲ့ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု (Sustainable Forest Management-SFM)ကို အခြေခံပြီးတော့မှ လိုက်နာဆောင်ရွက်လျက် ရှိပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ သစ်ထုတ်လုပ်ရောင်းချရာမှာ သစ်ကို နိုင်ငံတော်ကိုယ်စား ထုတ်လုပ် ရောင်းချ တာဝန်ယူဆောင်ရွက်ရသော်လည်း ရရှိတဲ့ ဝင်ငွေအားလုံးကို နိုင်ငံတော်ကို ပေးသွင်းပြီး နိုင်ငံတော်ရဲ့ အစီအမံနဲ့ ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များကို နိုင်ငံတော်ရဲ့ အစီအစဉ်နဲ့ ဖြည့်ဆည်းစီမံဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အတွင်းရှိ သစ်တောသယံဇာတများအား စည်းမျဉ်းစည်းကမ်းများနဲ့အညီ ထုတ်ယူပြီး ပြည်တွင်း၊ ပြည်ပဈေးကွက် များကို တင်ပို့ရောင်းချရန်အတွက် ဝန်ကြီးဌာနအနေနဲ့ မြန်မာ့သစ်လုပ်ငန်းကို အစိုးရပိုင်စီးပွားရေး လုပ်ငန်းတစ်ခုအဖြစ် ခွင့်ပြုဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့သစ်လုပ်ငန်းအနေနဲ့ သစ်များကို

ခုတ်လှဲထုတ်ယူ တင်ပို့ရောင်းချရာမှာ လူအင်အား၊ ငွေအင်အား၊ ယန္တရားအင်အားစတဲ့ ဌာနပိုင် အင်အား ကန့်သတ်ချက်များကြောင့် ပြင်ပပုဂ္ဂလိကလုပ်ငန်းရှင်များနဲ့ ကုမ္ပဏီများကို ကန်ထရိုက် စနစ်နဲ့ ငှားရမ်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။

မေးမြန်းချက်မှာပါရှိတဲ့ စံရှားမိသားစုကုမ္ပဏီနဲ့ ပစိဖိတ်ကုမ္ပဏီများဟာ မြန်မာ့သစ် လုပ်ငန်းကိုယ်စား သစ်ထုတ်လုပ်ရန် ငှားရမ်းဆောင်ရွက်ခဲ့တဲ့ ကုမ္ပဏီများဖြစ်ပါတယ်။ အဆိုပါ ကုမ္ပဏီ(၂)ခုကို ချင်းပြည်နယ်အတွင်း သစ်ထုတ်လုပ်ရန် တာဝန်ပေးအပ်ခဲ့ပါတယ်။ ချင်းပြည်နယ် အတွင်း စံရှားမိသားစုကုမ္ပဏီရဲ့ နှစ်အလိုက် သစ်ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းဖော်ပြ ရပါက ၂၀၀၉-၂၀၁၀ မှာ ကျွန်း(၅၅၀)တန်၊ သစ်မာ(၅၇၇)တန်၊ ၂၀၁၀-၂၀၁၁ မှာ ကျွန်း(၅၀၈)တန်နဲ့ သစ်မာ(၁၃၀၃)တန်၊ ၂၀၁၁-၂၀၁၂ မှာ ကျွန်း(၉၉၃)တန်နဲ့ သစ်မာ(၁၁၉၁)တန်၊ ၂၀၁၂-၂၀၁၃ မှာ ကျွန်း(၈၇၉)တန်နဲ့ သစ်မာ(၁၂၄၃)တန်၊ ၂၀၁၃-၂၀၁၄ မှာ ကျွန်း(၅၁၆)တန်နဲ့ သစ်မာ(၃၇၂)တန် စုစုပေါင်း ကျွန်း(၃၈၄၆)တန်နဲ့ သစ်မာ(၄၆၈၆)တန်ကို ထုတ်လုပ်ပြီး မြန်မာ့သစ်လုပ်ငန်းကို အပ်နှံ ဆောင်ရွက်စေခဲ့ပြီးဖြစ်ပါတယ်။

ထိုနည်းအတူ ချင်းပြည်နယ်အတွင်း ပစိဖိတ်ကုမ္ပဏီရဲ့ နှစ်အလိုက် သစ်ထုတ်လုပ်မှုများကို ဖော်ပြရပါက ၂၀၀၉-၂၀၁၀မှာ ကျွန်း(၄၁၄၂)တန်နဲ့ သစ်မာ(၁၂၅၈)တန်၊ ၂၀၁၀-၂၀၁၁ မှာ ကျွန်း(၃၉၄၉)တန်နဲ့ သစ်မာ(၂၀၀၀)တန်၊ ၂၀၁၁-၂၀၁၂ မှာ ကျွန်း(၃၉၃၆)တန်နဲ့ သစ်မာ(၁၈၄၈)တန်၊ ၂၀၁၂-၂၀၁၃ မှာ ကျွန်း(၄၁၀၆)တန်နဲ့ သစ်မာ(၁၅၆၇)တန်၊ ၂၀၁၃-၂၀၁၄ မှာ ကျွန်း(၁၄၂၀)တန်နဲ့ စုစုပေါင်းအားဖြင့် ကျွန်း(၁၇၅၅၃)တန်နဲ့ သစ်မာ(၆၆၇၄)တန်ကို ထုတ်လုပ်ပြီး မြန်မာ့သစ်လုပ်ငန်းကို အပ်နှံဆောင်ရွက်စေခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ကုမ္ပဏီများမှ ထုတ်လုပ်တဲ့ သစ်များအားလုံးကို မြန်မာ့ သစ်လုပ်ငန်းကို အပ်နှံရပြီး မြန်မာ့သစ်လုပ်ငန်းမှထုတ်လုပ်မှုအတွက် အချိုးတစ်ခုဖြင့် သစ်များကို ပြန်လည်ရောင်းချပေးပါတယ်။ ထိုကုမ္ပဏီများအနေနဲ့ သစ်များကို မြန်မာ့သစ်လုပ်ငန်းသို့ ငွေပေးသွင်း ပြီး ပြန်လည်ဝယ်ယူရတာဖြစ်ပါတယ်။ ကျွန်းသစ်များကိုလည်း မြန်မာ့သစ်လုပ်ငန်းမှသာ ပြည်တွင်း၊ ပြည်ပဈေးကွက်ကိုရောင်းချပြီး ရရှိသောထိုငွေအားလုံးကို နိုင်ငံတော်ဘဏ္ဍာငွေစာရင်းကို ပေးသွင်း ရခြင်းဖြစ်ပါတယ်။ ချင်းပြည်နယ်အပါအဝင် မြန်မာတစ်နိုင်ငံလုံး ထုတ်ယူသော ကျွန်း၊ သစ်မာများ ရောင်းရငွေအားလုံးဟာ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေသာ ဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်းမှာ သစ်ထုတ်လုပ်ရောင်းချခြင်းကို ကျွန်တော်တို့ ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်သော် လည်း ရရှိတဲ့ငွေအားလုံးကို နိုင်ငံတော်ကို ပေးသွင်းပြီး ချင်းပြည်နယ် အပါအဝင် ပြည်နယ်၊ တိုင်းဒေသကြီးများရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အစဉ်တစိုက် သုံးစွဲဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။

ထို့အပြင် စံရှားမိသားစုကုမ္ပဏီ၊ ပစိဖိတ်ကုမ္ပဏီများ အပါအဝင် သစ်ထုတ်လုပ်တဲ့ကုမ္ပဏီ များကို စည်းရုံးပြီး ချင်းပြည်နယ်မှာ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များဖြစ်တဲ့ ကျေးရွာ ချင်းဆက်လမ်း (၁၁)ခု၊ မိုင်အားဖြင့် (၃၇၀)၊ ထိုနည်းတူပဲ ကျွန်တော်တို့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကနေ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အထိ ကျန်းမာရေး၊ ပညာရေး၊ သာသနာရေး၊ ရေအား လျှပ်စစ် မီးလင်းရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးရရှိရေး၊ နောက် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်း၊ တံတားဆောက်လုပ်ခြင်း၊ အဆောက်အဦများ ပြုပြင်ခြင်း၊ ပြန်ကြားရေး

စာကြည့်တိုက်များ တည်ဆောက်ပေးခြင်း၊ ပြုပြင်ခြင်း၊ TV (၄၁)လုံး ဝယ်ယူတပ်ဆင်ခြင်းတို့ အတွက်သော်လည်းကောင်း၊ အားကစားရုံ၊ ခန်းမ၊ ရိပ်သာ၊ မီးသတ်ကား ပြုပြင်ခြင်း၊ GPS များ ဝယ်ယူတပ်ဆင်ပေးခြင်း၊ အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ စသည့်လုပ်ငန်းများအတွက် မြန်မာကျပ်ငွေ (၅၅၃၂၇) သိန်း သုံးစွဲလှူဒါန်းခဲ့ပါတယ်။

တစ်နည်းပြောရရင် တစ်နိုင်ငံလုံးမှာ ချင်းပြည်နယ်နဲ့ပတ်သက်လို့ ကျွန်တော်တို့ ဝန်ကြီး ဌာနက နိုင်ငံတော်ရဲ့ဘဏ္ဍာငွေမပါ ခုနက သစ်ထုတ်လုပ်တဲ့ကုမ္ပဏီများကို စည်းရုံးပြီးတော့မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အစဉ်တစိုက် ကျွန်တော်တို့ အလေးထား ဆောင်ရွက်ပေးခဲ့တာ ကို တင်ပြခြင်းဖြစ်ပါတယ်။ ဒီမှာလည်း တစ်ဖက်ကလည်း ဒီလို Infrastructure တွေကို တည်ဆောက် ပေးနေသလို တစ်ဖက်က ဝင်ငွေတိုး လုပ်ငန်းတွေ ဖြစ်တဲ့ ပိုးဇာပင်စိုက်ပျိုးရေးအတွက် ပိုးဇာပင် (၄)သိန်း၊ ဓာတ်မြေသြဇာ တန်(၆၀)၊ စိုက်ပျိုးရေးပလပ်စတစ် (၁.၈)တန် ဒါတွေအတွက် အမေရိကန် ဒေါ်လာ ခြောက်သောင်း ကိုးထောင် လေးရာ ခြောက်ဆယ် ဒေါ်လာတန်ဖိုးရှိတဲ့ ပစ္စည်းများကိုလည်း သက်ဆိုင်ရာဒေသများကို လှူဒါန်းပေးခဲ့ပါတယ်။

သီးခြားအစီအစဉ်အနေနဲ့လည်း စံရှားကုမ္ပဏီက ၂၀၀၈-၂၀၀၉ မှာ ဟားခါး-မန်တော လမ်းဖောက်လုပ်ရေးအတွက် ဒီဇယ်(၅၀)ပီပါ၊ ၂၀၁၁-၂၀၁၂ မှာ ဖလမ်းမြို့နယ်၊ လာလိန်းကျေးရွာ ခရစ်ယာန်ဘုရား ကျောင်းဆောက်လုပ်ရေးအတွက် ကျပ်သိန်း(၈၀)၊ ပစိဖိတ်ကုမ္ပဏီကလည်း ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှာ စပြီးတော့ ၂၀၁၂-၂၀၁၃ အထိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စုစုပေါင်း ကျပ်သိန်းပေါင်း(၃၃၀)ကျော် လှူဒါန်းပေးခဲ့ပြီးဖြစ်ပါတယ်။

သို့ပါ၍ စံရှားမိသားစုကုမ္ပဏီနှင့် ပစိဖိတ်ကုမ္ပဏီတို့မှာ ချင်းပြည်နယ်တွင် မြန်မာ့ သစ်လုပ်ငန်းကိုယ်စား သစ်ထုတ်လုပ်ငန်း ဆောင်ရွက်နေသော ကုမ္ပဏီများ ဖြစ်ပြီး ကျွန်း၊ သစ်မာများ ထုတ်ယူရာတွင်လည်း ဌာနမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက် ခြင်း၊ ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း တစ်တပ်တစ်အား ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့တာကို တွေ့ရှိကြရမှာ ဖြစ်ပါတယ်။ သစ်ထုတ်လုပ်ခြင်းအပေါ် ကျန်ဗားကျေးရွာအုပ်စု (၇)ရွာမှ တင်ပြကန့်ကွက်မှုနှင့် ပတ်သက်လို့လည်း ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှာ ဟားခါး မြို့နယ်၊ ဘုံဖုံးကျေးရွာ၊ ပြည်သူ့ဆောက်လုပ်ရေးရိပ်သာ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲမှာ ချင်းပြည်နယ်အစိုးရအဖွဲ့မှ သစ်တောနှင့် သတ္တုဝန်ကြီးက ဦးဆောင်ကျင်းပပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ စံရှားမိသားစုကုမ္ပဏီ၊ ပစိဖိတ်ကုမ္ပဏီတို့မှ မန်နေဂျာများ ဘုံဖုံးကျေးရွာမှ ဦးဘွေထန်း ပါ (၁၂)ဦး၊ သီလပ်ကျေးရွာမှ ဦးဗျက်ကျုံး ပါ (၂)ဦး၊ ချောန်ကျွမ်းရွာမှ ဦးခွန်ဟဲ ပါ (၂)ဦးတို့ တက်ရောက်ပြီး ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါတယ်။

အဆိုပါဆွေးနွေးပွဲမှာ ဟားခါးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး မှ မရှင်းလင်းသည့်ကိစ္စရပ်များကို လစဉ်အစည်းအဝေးတွင် ဦးစွာတင်ပြ ဆွေးနွေးကြရန်နှင့် သက်ဆိုင်ရာ ဌာနများအလိုက် တိုက်ရိုက်ပါဝင် ဖြေရှင်းနိုင်ရေးအတွက် ဆောင်ရွက်ထားရှိကြောင်းနှင့် တက်ရောက်ပါဝင်ဆွေးနွေးကြပါရန်လည်း ဖိတ်ခေါ်ခဲ့ပါတယ်။ သစ်ထုတ်လုပ်သည့်ကိစ္စနဲ့ပတ်သက်

လို့လည်း နိုင်ငံတော်ဘဏ္ဍာငွေ ရရှိရေးအတွက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းအရ သစ်တော သစ်ပင်များကို နောင်မျိုးဆက်များအထိ ခံစားနိုင်ရန် ရည်ရွယ်ချက်များနှင့်အတူ စနစ်တကျ စီမံ အုပ်ချုပ်လုပ်ကိုင်ခြင်းဖြစ်ကြောင်း၊ သစ်ထုတ်လုပ်ခြင်းမှ ရရှိတဲ့အကျိုးအမြတ်များကိုလည်း ပြည်နယ်သို့ ခွဲဝေအသုံးပြုလျက်ရှိပါကြောင်း ဒေသခံများအနေဖြင့် နားလည်သဘောပေါက်စေရန် ရှင်းလင်း ဆွေးနွေးဆောင်ရွက်ခဲ့ကြပါတယ်။

သို့ဖြစ်ပါ၍ ကျန်ဗားကျေးရွာအုပ်စု(၇) ရွာမှ တင်ပြတဲ့ကန့်ကွက်မှုများကို အလေးထား အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း နဲ့ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကိုလည်း တင်ပြ ဆွေးနွေးနိုင်ပါကြောင်း၊ သက်ဆိုင်ရာကျေးရွာလူထုများနှင့်လည်း အစဉ်ထိတွေ့အဖြေရှာ ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥတ္တရသီရိမြို့နယ်၊ တက်ရှိန်းကျေးရွာအနီး ဖြတ်သန်းစီးဆင်းနေသည့် ချောင်းရေတိုက်စားမှုကြောင့် ကျေးရွာရှိ လူနေအိမ်များ ပျက်စီးမျောပါခြင်း၊ နေအိမ်များအတွင်းသို့ ချောင်းရေနှင့်အတူ မျောပါလာ သည့် သဲနုန်းများဝင်ရောက်ဖုံးလွှမ်းနေခြင်းအတွက် ယခုနှစ်မိုးရာသီကာလအမီ ကာကွယ်တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဋ္ဌေး က ဥတ္တရသီရိမြို့နယ်၊ တက်ရှိန်းကျေးရွာအနီး ဖြတ်သန်းစီးဆင်းနေသည့် ချောင်းရေ တိုက်စားမှုကြောင့် ကျေးရွာရှိ လူနေအိမ်များ ပျက်စီးမျောပါခြင်း၊ နေအိမ်များအတွင်းသို့ ချောင်းရေနှင့်အတူ မျောပါ လာသည့် သဲနုန်းများ ဝင်ရောက်ဖုံးလွှမ်းနေခြင်းအတွက် ယခုနှစ် မိုးရာသီကာလအမီ ကာကွယ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဦးခင်မောင်ဋ္ဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေကြောင်း ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဋ္ဌေးပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥတ္တရသီရိမြို့နယ်၊ တက်ရှိန်း ကျေးရွာအနီး ဖြတ်သန်းစီးဆင်းနေတဲ့ နတ်တောင်ချောင်း ရေတိုက်စားမှုကြောင့် ကျေးရွာရှိလူနေ အိမ်များပျက်စီးမျောပါခြင်း၊ နေအိမ်များအတွင်းသို့ ချောင်းရေနှင့်အတူ မျောပါလာတဲ့ သဲနုန်းများ ဝင်ရောက် ဖုံးလွှမ်းနေခြင်းအတွက် ယခုနှစ်မိုးရာသီကာလအမီ ကာကွယ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥတ္တရသီရိမြို့နယ် တက်ရှိန်းကျေးရွာအနီးမှ နတ်တောင်ချောင်းဟာ ဖြတ်သန်းသွားခဲ့ပါတယ်။ နှစ်စဉ်မိုးရာသီ ကာလများမှာ မိုးရွာသွန်းမှု အခြေအနေအပေါ် မူတည်ပြီး မကြာခဏဆိုသလို ချောင်းရေကြီးပြီး ကျေးရွာရှိ ချောင်းကမ်းပါး ရေတိုက်စားခြင်းများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်၊ မိုးရာသီကာလမှာ မိုးရွာသွန်းတဲ့

ပမာဏများခဲ့တဲ့အတွက် ချောင်းရေကြီးမှု ဖြစ်ပေါ်ခဲ့ပါတယ်။ ချောင်းရေကြီးမှု ဖြစ်တဲ့အချိန်မှာ ချောင်းရေစီးဆင်းမှုဟာ ရေထုပမာဏ (၇)ပေမှ (၈)ပေအထိ မြင့်တက်ပြီး ချောင်းရေများ စီးဆင်းခဲ့ပါတယ်။ မိုးရာသီမတိုင်မီကာလများမှာ ကျေးရွာပြည်သူများအနေနဲ့ ကျေးရွာအစီအစဉ်နဲ့ပဲ ချောင်းရေကြီးရင် ချောင်းကမ်းပါး ရေတိုက်စားမှုမရှိစေရန် သဲအိတ်များ ကာရံချထားသော်လည်းပဲ ချောင်းရေစီးဆင်းမှုဟာ ရေစီးနှုန်းမြန်ဆန်ခြင်းများအပြင် ချောင်းရေ စီးဆင်းတဲ့ ရေထုပမာဏများလွန်းတဲ့အတွက် ပေ(၅၈၀)ကျော်ရှိတဲ့ ကျေးရွာရဲ့ ချောင်းကမ်းပါး ပျက်စီးသွားပြီးတော့မှ ကျေးရွာအတွင်း ချောင်းရေများ လွှမ်းမိုးဝင်ရောက်ခဲ့ပါတယ်။ ချောင်းရေကြီးမှုကြောင့် ကျေးရွာရှိ လူနေအိမ် (၅)လုံး ရေထဲမျောပါသွားတဲ့အပြင် ကျေးရွာရှိ စာသင်ကျောင်း အပါအဝင် လူနေအိမ် (၂၀)မှာ ချောင်းရေနဲ့အတူမျောပါလာတဲ့ သဲနုန်းများဝင်ရောက်မှုကြောင့် စာသင်ကျောင်းနှင့် လူနေအိမ်များအတွင်း သဲနုန်းများ (၂) ပေမှ (၅)ပေအထိ မြင့်တက် ဖုံးလွှမ်းသွားခဲ့ပါတယ်။ တက်ရှိန်းကျေးရွာမှာရှိတဲ့ ပြည်သူများအနေဖြင့်လည်း မိုးရာသီကာလမှာ နတ်တောင်ချောင်း ရေကြီးပြီး ကျေးရွာမှာ ရှိတဲ့လူနေအိမ်များ ဆက်လက်မျောပါသွားမယ့်အန္တရာယ်နဲ့ သဲနုန်းများ ကျေးရွာအတွင်း ဆက်လက် ဖုံးလွှမ်းသွားမည်ကို စိုးရိမ်ကြောင့်ကြမှုများ ရှိနေကြပါတယ်။

သို့ဖြစ်ပါ၍ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဥတ္တရသီရိမြို့နယ် တက်ရှိန်းကျေးရွာအနီး ဖြတ်သန်းစီးဆင်းနေတဲ့ နတ်တောင်ချောင်းရေကြီးသဖြင့် လူနေအိမ်များနှင့် စာသင်ကျောင်းများ မျောပါမသွားစေရန်နဲ့ ကျေးရွာအတွင်းသို့ ချောင်းရေနဲ့အတူ သဲနုန်းများ ထပ်မံပြီး ဝင်ရောက်ဖုံးလွှမ်းမသွားစေရန်အတွက် ကျေးရွာအနီးရှိ နတ်တောင်ချောင်း ချောင်းကမ်းပါးအား ရေကာ သို့မဟုတ် ချောင်းရေ လမ်းကြောင်း လွှဲပြောင်းပေးနိုင်ခြင်းကို ယခုလာမည့် မိုးရာသီကာလအမီ ပြုပြင်တည်ဆောက် ပေးနိုင်ခြင်းအစီအစဉ် ရှိ၊ မရှိ သိရှိလိုပါသဖြင့် ကျေးရွာပြည်သူများရဲ့ ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၃။**

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး ရဲ့ မေးခွန်းကို ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန် မှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ တက်ရှိန်းကျေးရွာအနီးမှာရှိတဲ့ နတ်တောင်ချောင်းဟာ မြေယာအသုံးချမှု စနစ်ပြောင်းလဲလာမှုနှင့်အညီ ရေစီးနှင့်အတူ သဲနုန်းပါဝင်မှု မြင့်မားကာ ပို့ချမှုများလည်း တဖြည်းဖြည်း မြင့်တက်လာတဲ့အတွက် ချောင်းတိမ်ကောရသည့်အဆင့်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါတယ်။ ဒီချောင်းဟာဆိုလို့ရှိရင် တောင်ကျချောင်းဖြစ်တဲ့အားလျော်စွာ ရေစီးနှုန်းများပြီးတော့ ရေစီးထုထည်များပြားတဲ့အတွက် ရေကြီးရေလျှံမှုနှင့် ချောင်းကမ်းပါးတွေ

တိုက်စားခံရခြင်းတို့ ဖြစ်ပေါ်နေရခြင်း ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ မိုးရာသီကာလမှာ မိုးသည်းထန်စွာ ရွာသွန်းတဲ့အတွက်ကြောင့်မိုလို့ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီးတော့ ချောင်းကမ်းပါးများ ရေတိုက်စားခြင်း၊ ကျေးရွာအတွင်းနှင့် လယ်မြေများ ရေနစ်မြုပ်ပြီး သဲနုန်းဖုံးလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ရပါတယ်။

ရေကြီးရေလျှံမှု လျော့နည်းပပျောက်စေရေးအတွက် ပင်မအကြောင်းအရင်းဖြစ်တဲ့ ချောင်းမြစ်ကြမ်းပြင် မြင့်တက်နေမှုအား ပြန်လည်တူးဖော်ပေးရန် လိုအပ်မှာ ဖြစ်ပါတယ်။ အလားတူပဲ ချောင်းကမ်းပါးထက် ကျော်လွန်မြင့်တက်လာမယ့် ရေထုကို ရေစီးလားရာ ထိန်းကျောင်းပေးနိုင်ဖို့အတွက် ချောင်းကမ်းပါးနှစ်ဖက်တွင် မြေသားတာတမံများ ဖြည့်စွက်ဆောင်ရွက်ပေးရန် လိုအပ်မှာလည်း ဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၊ ကမ်းထိန်းလုပ်ငန်းများအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး ခေါင်းစဉ်ဖြင့် ထည့်သွင်းရေးဆွဲဆောင်ရွက်ဖို့အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေကို အကြောင်းကြားပြီး ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) အနေနဲ့တော့ မြစ်ကြောင်းထိန်းသိမ်းရေး လုပ်ငန်းများဖြစ်တဲ့ ဧရာဝတီနှင့် ချင်းတွင်းမြစ်ရေလမ်းဖွံ့ဖြိုးရေး လုပ်ငန်းများအတွက်ကို ရန်ပုံငွေ တင်ပြတောင်းခံဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒါပေမဲ့၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တွေအတွက် အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း (၇၆)ခုကို ကျပ်သန်းပေါင်း (၁၄၀၅၃.၁၃၈)နဲ့ ပြည်ထောင်စု ရဲ့ သီးသန့်ရန်ပုံငွေမှ တင်ပြတောင်းခံပြီး ဌာနမှ ဆောင်ရွက်ပေးခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး ရဲ့ ဥတ္တရသီရိမြို့နယ်၊ တက်ရှိန်းကျေးရွာအနီး ဖြတ်သန်းစီးဆင်းနေသည့် ချောင်းရေတိုက်စားမှုကြောင့် ကျေးရွာရှိ လူနေအိမ်များ ပျက်စီးပျောပါခြင်း၊ ကျေးရွာရှိနေအိမ်များအတွင်းသို့ ချောင်းရေနှင့်အတူ မျောပါလာတဲ့ သဲနုန်းများ ဝင်ရောက်ဖုံးလွှမ်းနေခြင်းအတွက် ယခုနှစ် မိုးရာသီ ကာလအမီ ကာကွယ်တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကတော့ အခုကိစ္စအတွက် ဆောင်ရွက်ဖို့လျာထားချက် ပါဝင်ခြင်းမရှိပါဘူး။ သို့သော်လည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွမ်းကျင်သူများက ကွင်းဆင်းစစ်ဆေး တိုင်းတာလျက်ရှိပါတယ်။ ခန့်မှန်းကုန်ကျစရိတ်ကို တွက်ချက်ပြီးလို့ရှိရင်တော့ ကျွန်တော်တို့ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်မှာ အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့တဲ့နည်းတူ ဒီနှစ်ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုရဲ့ သီးသန့်ရန်ပုံငွေမှ တင်ပြတောင်းခံပြီးတော့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ အစည်းအဝေးကို (၁၁း၀၅)နာရီမချိန်တွင် ရပ်နားပြီး (၁၁း၂၀)နာရီအချိန်တွင် ပြန်လည်ကျင်းပ ပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဦးအောင်ချိုဦး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော်ဥပဒေကြမ်း ကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁ / ၂၀၁၄ -၂၂၄<br>ရက်စွဲ၊ ၂၀၁၄ ခုနှစ် ၊ ဇွန် လ ၁၃ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေကြမ်း အပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို (၅-၆-၂၀၁၄)ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်း ခဲ့ပါသည်။ ယင်းနေ့တွင် တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင်

က အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ ကော်မတီသည် ထိုသို့ အကြံပြုဆွေးနွေးခဲ့ခြင်းအပေါ် (၁၀-၆-၂၀၁၄) ရက်နေ့တွင် ဗိုလ်မှူး မျိုးထွန်းအောင်နှင့် ထပ်မံ ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေကြမ်းအပေါ်တွင် အကြံပြုဆွေးနွေးခဲ့သော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင် နှင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီတို့သည် (၁၀-၆-၂၀၁၄)ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အောက်ပါအတိုင်း သဘောတူညီမှု ရခဲ့ပါသည် -

(က) မူလဥပဒေကြမ်းပုဒ်မ ၇၊ ပုဒ်မခွဲ (စ)တွင် ဖော်ပြထားချက်များအစား အမျိုးသားလွှတ်တော်တွင် အတည်ပြုပြီးသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(စ)နှင့် ညီညွတ်မှုရှိစေရန်အတွက် လက်ရှိကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ပုဒ်မ ၄ အရ ကောင်စီအသစ်ကို ရက်ပေါင်း ၆၀ အတွင်း ဖွဲ့စည်းပြီး စတင် တာဝန်ထမ်းဆောင်ချိန် အထိ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်စေရမည်ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်အစားထိုးသင့်ကြောင်းနှင့် မူလဥပဒေကြမ်း ပုဒ်မခွဲ(စ)ကို ပုဒ်မခွဲ(ဆ)အဖြစ် ပြောင်းလဲအမှတ်စဥ်သင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ပါသည်။

(ခ) မူလဥပဒေကြမ်းပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)တွင်ပါရှိသော ကောင်စီ၏ ပုံမှန်အစည်းအဝေးကို သုံးလလျှင်တစ်ကြိမ် ဆိုသည့်စကားရပ်ကို ကောင်စီ၏ ပုံမှန်အစည်းအဝေးကို သုံးလလျှင် အနည်းဆုံးတစ်ကြိမ် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော ဘုတ်အဖွဲ့အစည်းအဝေးကို တစ်လလျှင် တစ်ကြိမ်ဆိုသည့်စကားရပ်ကို အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို တစ်လလျှင် အနည်းဆုံးတစ်ကြိမ် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်းနှင့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ခ) တို့အဖြစ် ပြောင်းလဲအမှတ်စဥ်သင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ပါသည်။

(ဂ) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေနှင့် ညီညွတ်မှုရှိစေရန်အတွက် မူလဥပဒေကြမ်းပုဒ်မ ၂၉၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသော မြန်မာနိုင်ငံအတွင်း ဆိုသည့် စကားရပ်သည် ထည့်သွင်းရန်မလိုအပ်သဖြင့် ပယ်ဖျက်သင့်ကြောင်း၊ ပုဒ်မ ၃၆ တွင် ပါရှိသော ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ဆယ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ ဆိုသည့်စကားရပ်ကို ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၃၇ နှင့် ပုဒ်မ ၃၈ တို့တွင် ပါရှိသော ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေဆိုသည့် စကားရပ်များကို ငွေဒဏ်ဖြစ်စေ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၃၉ တွင် ပါရှိသော ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ ဆိုသည့်စကားရပ်ကို ငွေဒဏ်ဖြစ်စေ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးသင့်ပြီး မူလဥပဒေကြမ်းပုဒ်မ ၂၉၊

ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇၊ ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့ကို ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂ တို့အဖြစ် ပြောင်းလဲအမှတ်စဥ်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရှိခဲ့ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဗိသုကာကောင်စီဥပဒေကြမ်းနှင့် စပ်လျဥ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် ပြန်လည် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန က တင်ပြဖို့ရှိပါသလား။

**အချိန်၊ ၁၁း၂၇။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေမူကြမ်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှာလည်း တင်ပြပြီးတော့ ပြုပြင်စရာများ ပြုပြင်ခဲ့ပြီး ဖြစ်ပါတယ်။ ထို့အတူပဲ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကိုလည်း တင်ပြပြီးတော့ ကျွန်တော်တို့ ခွင့်ပြုချက်ရယူခဲ့ပြီးဖြစ်ပါတယ်။ ဒီအပြင် အမျိုးသားလွှတ်တော်မှာလည်းပဲ ၂၀၁၄ ခုနှစ်၊ မေလ (၂၆)ရက်နေ့မှာ တစ်ကြိမ်၊ ဇွန်လ(၃)ရက်နေ့မှာ တစ်ကြိမ်၊ ဥပဒေမူကြမ်းကို တင်ပြတဲ့အခါမှာ အမျိုးသားလွှတ်တော်ဥပဒေရေးရာ မူကြမ်းကော်မတီနဲ့လည်း ညှိနှိုင်းခဲ့ပြီးဖြစ်တဲ့အတွက် ဒီဟာကို ခွင့်ပြုပြီးတော့ သဘောတူပေးပါရန်နဲ့ ဒီအဆိုကို ကျွန်တော့်အနေနဲ့တင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ ဗိသုကာ ကောင်စီ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဥ် ပြင်ဆင်ချက်-

မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေ

( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၆ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၁)၊ အပိုဒ် ၂(က)(ခ)(င)(ဇ)(ဈ)

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) ဗိသုကာပညာ ဆိုသည်မှာ လူနေမှုဘဝတိုးတက်မြင့်မားမှု၊ ဘေးအန္တရာယ် ကာကွယ်မှု၊ လုံခြုံမှု၊ သက်တောင့်သက်သာ ရှိမှုနှင့် အသုံးပြုရန် လိုအပ်ချက် ပြည့်စုံမှု သာမက အမြင် တင့်တယ်မှုတို့အတွက်ပါ ရည်ရွယ်၍ ပတ်ဝန်းကျင် ဂေဟစနစ် မပျက်စီး စေသော မြို့ကွက်ဒီဇိုင်းရေးဆွဲစီမံခြင်း၊ အများပြည်သူသုံး အဆောက်အအုံများ၊ စက်ရုံ အလုပ်ရုံများနှင့် ပုဂ္ဂလိက အဆောက်အအုံများကို ဒီဇိုင်းပုံစံထုတ် ဖန်တီး ခြင်း၊ တီထွင်ကြံဆခြင်း၊ သုတေသနပြုခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် ပညာရပ် ဖြန့်ဖြူး ခြင်းတို့ အပါအဝင် လူမှုဘဝပတ်ဝန်းကျင်တွင် တည်ဆောက်ဖန်တီးသည့် ပညာရပ် ကို ဆိုသည်။

( ခ ) တာဝန်ခံဝန်ကြီးဌာန ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသော ပြည်ထောင်စုဝန်ကြီးဌာန တစ်ခု ခုကို ဆိုသည်။

( င ) အလုပ်အမှုဆောင်အဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံ ဗိသုကာ အလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

( ဇ ) ဗိသုကာဆိုသည်မှာ ဤဥပဒေအရကောင်စီက အသိအမှတ် ပြုထားသော ဗိသုကာ ဘွဲ့ ရရှိသူကိုဆိုသည်။

( ဈ ) ဗိသုကာပညာရှင် ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးထားသော အကြီးတန်းလိုင်စင် ဗိသုကာလက်မှတ် သို့မဟုတ် လိုင်စင်ဗိသုကာလက်မှတ် ရရှိထားသူကို ဆိုသည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က)(ခ)(င)(ဇ)(ဈ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ်၂(က)(ခ)(င)(ဇ)(ဈ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၂)၊ အပိုဒ် ၃(က)

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါတိုင်းဖြစ်သည် -

(က) ဗိသုကာပညာဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား ဗိသုကာပညာရှင်၊ ဗိသုကာ ဘွဲ့ရ နည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်း မြှင့်တင်ရန်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(က)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၂)၊အပိုဒ် ၃(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၃)၊ အပိုဒ် ၄(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၅၊ အပိုဒ် ၆

၄။ တာဝန်ခံဝန်ကြီးဌာနသည် မြန်မာနိုင်ငံဗိသုကာကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စု ဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ သင့်လျော်သော ဗိသုကာနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သင့်လျော်သော အရွေးကောက်ခံ ဗိသုကာပညာရှင်များဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) တာဝန်ခံဝန်ကြီးဌာနမှ သင့်လျော်သော ဗိသုကာ ၄ ဦး

(ခ) ဗိသုကာပညာသင်ကြားရေးဆိုင်ရာ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ သင့်လျော်သော ဗိသုကာ ၃ ဦး

(ဂ) နေပြည်တော်၊ရန်ကုန်၊မန္တလေးစည်ပင်သာယာရေး ကော်မတီများမှ သင့်လျော်သော ဗိသုကာ ၃ ဦး

(ဃ) အစိုးရမဟုတ်သော ဗိသုကာပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ အရွေးကောက်ခံ ဗိသုကာပညာရှင် ၂၀ ဦး

၅။ ကောင်စီဝင်များသည် ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌနှစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူး နှစ်ဦးနှင့် ဘဏ္ဍာရေးမှူးတစ်ဦး တို့ကို သတ်မှတ်ချက်များနှင့်အညီ မိမိတို့ အနက်မှ ရွေးကောက်တင်မြှောက်ရမည်။

၆။ ကောင်စီဝင်များသည် ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ကောင်စီ ဥက္ကဋ္ဌက အလုပ်အမှုဆောင် အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌများက ဒုတိယဥက္ကဋ္ဌများအဖြစ် လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူးများက တွဲဖက်အတွင်းရေးမှူးများအဖြစ်လည်းကောင်း၊ ကောင်စီ ဘဏ္ဍာရေးမှူးက ဘဏ္ဍာရေးမှူးအဖြစ် လည်းကောင်း၊ ကျန်ရှိသော ကောင်စီဝင်များအနက်မှ သတ်မှတ်ချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ထားသော အဖွဲ့ဝင်ရှစ်ဦးအား အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ စုစုပေါင်း တစ်ဆယ့်ငါးဦး ပါဝင်စေလျက် မြန်မာနိုင်ငံ ဗိသုကာအလုပ်အမှုဆောင် အဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄(က) (ခ)(ဂ)(ဃ)၊ အပိုဒ် ၅၊ အပိုဒ် ၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၃)၊အပိုဒ် ၄(က) (ခ)(ဂ)(ဃ)၊ အပိုဒ် ၅၊ အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၃)၊ အပိုဒ် ၇(က)(ဃ)(စ)(ဆ)

၇။ ကောင်စီနှင့် ကောင်စီဝင်များ၏ သက်တမ်းကို အောက်ပါ အတိုင်း သတ်မှတ်ရမည် -

(က) ကောင်စီ၏ သက်တမ်းတစ်ကြိမ်သည် စတင်ဖွဲ့စည်းသည့် နေ့မှစ၍ လေးနှစ်ဖြစ်သည်။

(ဃ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင် သက်တမ်း တစ်ဆက်တည်း နှစ်ကြိမ်ထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

( စ ) ထိုသို့ ဖြည့်စွက်ထမ်းဆောင်သော ကာလသည် ပုဒ်မခွဲ(ဂ)နှင့် (ဃ)ပါ သက်တမ်းနှင့် သက်ဆိုင်ခြင်း မရှိစေရဟု ဖြည့်စွက်ထားပါတယ်။

(ဆ) လက်ရှိကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ပုဒ်မ ၄ အရ ကောင်စီအသစ်ကို ရက်ပေါင်း ၆ဝ အတွင်း ဖွဲ့စည်းပြီး စတင်တာဝန်ထမ်းဆောင်ချိန်အထိ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၇(က)(ဃ)(စ)(ဆ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၇(က)(ဃ)(စ)(ဆ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၄)၊ အပိုဒ် ၈(က)(တ)

၈။ ကောင်စီ၏တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီက အသိအမှတ်ပြုသော ဗိသုကာဘွဲ့၊ ဗိသုကာ နည်းပညာဘွဲ့နှင့် ဗိသုကာ ဒီပလိုမာဘွဲ့များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဝ) ကောင်စီ၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် တာဝန်ခံ ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၈(က) (ဝ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၈(က)(ဝ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက်-

အခန်း(၄)၊ အပိုဒ် ၈(င)(စ)(ဈ)(ည)(ဎ) တို့တွင် ဗိသုကာ ပညာရှင် ဆိုသည့် စကားရပ်နောက်တွင် ဗိသုကာ ဆိုသည့် စကားရပ်ကို ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၈(င)(စ)(ဈ)(ည)(ဎ) ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက်အခန်း(၄)၊ အပိုဒ်၈(င)(စ)(ဈ)(ည)(ဎ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၄)၊ အပိုဒ် ၉(က)(၂)(ဈ)၊ (ဃ)(ဆ)

၉။ (က) (၂) ဗိသုကာ အထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုရေး လုပ်ငန်း ကော်မတီ၊

(ဈ) လိုအပ်ချက်အရ ဖွဲ့စည်းသင့်သည့် အခြားလုပ်ငန်း ကော်မတီများဟု ဖြည့်စွက် ထားပါတယ်။

(ဃ) သီးခြားမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ သီးခြားကင်းလွတ်ခွင့်များ သတ်မှတ်ပေးခြင်းနှင့် လိုအပ်သော စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊

(ဆ) နိုင်ငံတော်အတွက် အကျိုးပြုမည့် ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းပြည်ပရှိဗိသုကာပညာရှင်၊ နည်းပညာရှင်များနှင့် ဆက်သွယ် ပူးပေါင်း ဆောင်ရွက်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၉(က)(၂)(ဈ)၊(ဃ)(ဆ) ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၉(က)(၂)(ဈ)၊ (ဃ)(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၄)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁

၁၀။ ကောင်စီသည် ဤဥပဒေပါရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ် တာဝန်ပေးနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

၁၁။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် မှတ်ပုံတင် အရာရှိချုပ် ဦးဆောင်သော ရုံးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ကောင်စီ၏ ရုံးအဖွဲ့ခွဲများ ဖွင့်လှစ်ရန်

လိုအပ်လာပါက မှတ်ပုံတင်အရာရှိတစ်ဦးစီ ဦးဆောင်သော ရုံးအဖွဲ့ခွဲများကို လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၅)၊ အပိုဒ် ၁၁(ခ)(စ)

၁၂။ အောက်ပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့ ၏ အဆိုပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်-

(ခ) ခွင့်ပန်ကြားခြင်းမရှိဘဲ ကောင်စီအစည်းအဝေး သို့မဟုတ် အလုပ်အမှုဆောင် အဖွဲ့ အစည်းအဝေးသို့ တက်ရောက်ရန် သုံးကြိမ်ဆက်တိုက် ပျက်ကွက်ခြင်းဟု ပြင်ဆင် ထားပါတယ်။

(င) အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်မှုကြောင့် ပြစ်ဒဏ် ချမှတ်ခံရခြင်းဟု ဖြည့်စွက် ထားပါတယ်။

(ဆ) စိတ်ရောဂါစွဲကပ်ခြင်း သို့မဟုတ် အသိဉာဏ်ပျက်ယွင်းခြင်းကြောင့်ဖြစ်စေ၊ အခြား အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက် နိုင်စွမ်းမရှိခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၁ (ခ)(ဆ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၁၂ (ခ)(င)(ဆ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၆)၊ အပိုဒ် ၁၂(က)(ခ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄

၁၃။ (က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို သုံးလလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပခြင်း၊

(ခ) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို တစ်လလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပခြင်း၊

၁၄။ အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံး အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၁၅။ ကောင်စီသည် မိမိ၏ ဆောင်ရွက်ချက်များကို တာဝန်ခံ ဝန်ကြီးဌာနသို့ လိုအပ်သည့်အခါ အသိပေးတင်ပြရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၂ (က)(ခ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၃ (က)(ခ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၀(က)(ခ)၊ အပိုဒ် ၂၂

အခန်း(၈)

ကျွမ်းကျင်မှုတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း

၂၀။ (က) ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင် အဖွဲ့သည် ပုဒ်မ ၁၉ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးခွင့်ပြုပါက သတ်မှတ်ထားသည်

မှတ်ပုံတင်ကြေးပေးသွင်းစေ၍ စည်းကမ်းချက်များသတ်မှတ်ပြီး ကျွမ်းကျင်မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ကျွမ်းကျင် မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးကို ထုတ်ပေးသည့်အခါ ယင်းကျွမ်းကျင် မှတ်ပုံတင်လက်မှတ်၏ သက်တမ်းကို သတ်မှတ်ပေးရမည်။

၂၂။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၁ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါကသတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေ၍ ကျွမ်းကျင်မှတ်ပုံတင်လက်မှတ်ကို သက်တမ်း တိုးမြှင့်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၀(က)(ခ)၊ အပိုဒ် ၂၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၀(က)(ခ)၊ အပိုဒ် ၂၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက်-

အခန်း(၈)၊ အပိုဒ် ၂၃(က)(ခ)၊ အပိုဒ် ၂၄(က)(ခ)

၂၃။ (က) မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူ လက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက် ပါက မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီ သို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ဗိသုကာအထူးပြု ပညာရပ် အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ၏ သတ်မှတ် အရည်အချင်းများနှင့်ပြည့်မီသော မှတ်ပုံတင် နည်းပညာ ကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင်ဘွဲ့ရ နည်းပညာ ကျွမ်းကျင်သူလက်မှတ် ထုတ်ပေးရမည်။

၂၄။ (က) မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ လက်မှတ်ရရှိထားသူသည် သတ်မှတ်ထားသည့် ကာလပြည့်မြောက်ပါက မှတ်ပုံတင် ဗိသုကာလက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

( ခ ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ဗိသုကာအထူးပြု ပညာရပ်အလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ မှတ်ပုံတင်ဗိသုကာ၏ သတ်မှတ်အရည်အချင်းများနှင့် ပြည့်မီသော မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူအား စည်းကမ်းချက်များ သတ်မှတ်၍ မှတ်ပုံတင် ဗိသုကာ လက်မှတ်ထုတ်ပေးရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၃(က) (ခ)၊ အပိုဒ် ၂၄(က)(ခ) ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၃(က) (ခ)၊ အပိုဒ် ၂၄(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၄(က)၊ အပိုဒ် ၂၅(ခ)၊ အပိုဒ် ၂၆(ခ)၊ အပိုဒ် ၂၇(ခ)၊ အပိုဒ် ၂၈

အခန်း(၉)

ဗိသုကာမှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနှင့်ထုတ်ပေးခြင်း

၂၆။ (က) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၅အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေ၍ စည်းကမ်းချက်များ သတ်မှတ်လျက် မှတ်ပုံတင်ဗိသုကာလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၇။ (ခ) ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင် အဖွဲ့သည် ဗိသုကာပညာအလိုက် ကောင်စီက ကျင်းပသော စစ်ဆေးမှုများကို အောင်မြင်၍ လိုင်စင်ဗိသုကာ၏ သတ်မှတ် အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်ပြီး လိုင်စင်ဗိသုကာ လက်မှတ် ထုတ်ပေးရမည်။

၂၈။ (ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင် အဖွဲ့သည် သတ်မှတ် အရည်အချင်းများ ပြည့်မီသူအား စည်းကမ်းချက်များ သတ်မှတ်လျက် အကြီးတန်း လိုင်စင်ဗိသုကာ လက်မှတ် ထုတ်ပေးရမည်။

၂၉။ (ခ) ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုပါက သတ်မှတ်ထားသည့် သက်တမ်းတိုးမြှင့်ကြေး ပေးသွင်းစေ၍ သက်ဆိုင်ရာ ဗိသုကာမှတ်ပုံတင် လက်မှတ်ကို သက်တမ်းတိုးပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၀။ ဗိသုကာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အာဆီယံအပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံများအရ သတ်မှတ်ချက်များ နှင့် ကိုက်ညီသော နိုင်ငံခြားသား ဗိသုကာပညာရှင်က မှတ်ပုံတင်နိုင်ငံခြားသား ဗိသုကာလက်မှတ်ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထားလာပါက ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင် အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော ဗိသုကာပညာရပ် အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသော နေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့် အခြားစည်းကမ်းများ သတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ် ကြေးပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင်နိုင်ငံခြားသား ဗိသုကာ လက်မှတ်ထုတ်ပေးနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၄(က)၊ အပိုဒ် ၂၅(ခ)၊ အပိုဒ် ၂၆(ခ)၊ အပိုဒ် ၂၇(ခ)၊ အပိုဒ် ၂၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၂၆(က)၊ အပိုဒ် ၂၇(ခ)၊ အပိုဒ် ၂၈(ခ)၊ အပိုဒ် ၂၉(ခ)၊ အပိုဒ် ၃၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၁၀)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၉(ဂ)

အခန်း(၁၀)

မှတ်ပုံတင်လက်မှတ်ရရှိသူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ

၃၁။ မှတ်ပုံတင်လက်မှတ် ရရှိသူသည် -

(ဂ) မိမိပညာရပ်နှင့် သက်ဆိုင်သော သတ်မှတ်ထားသည့် ဗိသုကာပညာနှင့်နည်းပညာဆိုင်ရာ လုပ်ငန်းများကို တရားဝင် လုပ်ကိုင်ခွင့် ရှိသည် ဟု ပြင်ဆင်ထား ပါတယ်။

၃၂။ နိုင်ငံသားဗိသုကာ ပညာရှင်များသည် ကောင်စီက သတ်မှတ်သည့် အရည်အချင်း ပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၉(ဂ)ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၁(ဂ)၊ အပိုဒ် ၃၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၁)၊ အပိုဒ် ၃၀

၃၃။ မည်သည့် မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ ဤဥပဒေအရထုတ်ပြန်သည့် ညွှန်ကြားချက်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို သော်လည်းကောင်း ဖောက်ဖျက်ကြောင်း တွေ့ရှိပါက အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၃၀ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၃၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၂)၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂

၃၄။ အလုပ်အမှုဆောင် အဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းချမှတ်သော ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

၃၅။ ကောင်စီသည် ပုဒ်မ ၃၄ အရ အယူခံမှုတွင် အလုပ်အမှုဆောင်အဖွဲ့၏ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၂)၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၂)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၃၊ အပိုဒ် ၃၅(ခ)

အခန်း(၁၃)

တားမြစ်ချက်များ

၃၆။ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများတွင်ခန့်ထားသော ဗိသုကာဝန်ထမ်းများက တာဝန်အရ ဆောင်ရွက်ခြင်းမှအပ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် ဗိသုကာဆိုင်ရာလုပ်ငန်းနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများကို ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ် မရှိဘဲ လုပ်ကိုင်ခြင်း မပြုရ။

၃၈။ (ခ) မိမိ၏ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်သည့် ပြစ်ဒဏ် သို့မဟုတ် ကောင်စီ၏ ဆုံးဖြတ်ချက် ချမှတ်ခြင်းခံရပါက ဤဥပဒေနှင့်အညီ ကောင်စီသို့ အဆိုပါ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ စ၍ ရက်ပေါင်း ၃၀ အတွင်း ကောင်စီသို့ ပြန်လည် အပ်နှံရန် ပျက်ကွက်ခြင်း မရှိစေရဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၃)၊အခန်းခေါင်းစဉ်၊ အပိုဒ် ၃၃၊ အပိုဒ် ၃၅(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၆၊ အပိုဒ် ၃၈(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၃)၊ အပိုဒ် ၃၆၊ ၃၇၊ ၃၈၊ ၃၉

## အခန်း(၁၄)

## ပြစ်ဒဏ်များ

၃၉။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ မည်သည့်မှတ်ပုံတင် လက်မှတ် ရရှိသူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၁။ မည်သည့်မှတ်ပုံတင် လက်မှတ် ရရှိသူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော မည်သည့် ဗိသုကာ ပညာရှင်၊ ဗိသုကာ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေနှင့် အမိန့်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၃)၊ အပိုဒ် ၃၆၊ ၃၇၊ ၃၈၊ ၃၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၄)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၃၉၊ ၄၀၊ ၄၁၊ ၄၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၁၄)၊ အပိုဒ် ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၈(ခ)

အခန်း(၁၅)

အထွေထွေ

၄၃။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများတွင် ခန့်အပ်ထားသည့် ဗိသုကာပညာရှင်၊ ဗိသုကာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများသည် ဤဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ် ရရှိရန် လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားနိုင်သည်။

၄၄။ ဤဥပဒေ မပြဋ္ဌာန်းမီက တည်ရှိခဲ့သော မြန်မာနိုင်ငံ ဗိသုကာ အလုပ်အမှုဆောင် အဖွဲ့က ဗိသုကာပညာရှင်တစ်ဦးဦးအား ထုတ်ပေးခဲ့သော မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်းသည် ဤဥပဒေနှင့်အညီ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်း ဖြစ်သည် ဟု မှတ်ယူရမည်။

၄၅။ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း ထင်ရှားလျှင် ကောင်စီဝင်၊ အလုပ်အမှုဆောင် အဖွဲ့ဝင်၊ လုပ်ငန်းကော်မတီဝင်နှင့် လုပ်ငန်းအဖွဲ့ဝင် တစ်ဦးဦးအား တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း မပြုရ။

၄၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်၊ အလုပ်အမှုဆောင် အဖွဲ့ဝင်၊ လုပ်ငန်းကော်မတီဝင်နှင့်လုပ်ငန်းအဖွဲ့ဝင်တစ်ဦးဦးသည် ဤဥပဒေအရ လုပ်ငန်းတာဝန် ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည် ဟု မှတ်ယူရမည်ဟု ပြင်ဆင်ထားပါတယ်။

၄၇။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ထားသည့် စရိတ်နှင့် ခံစားခွင့်များကို ခံစားခွင့်ရှိသည်။

(က) တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် ခံစားခွင့်များကို ရရှိနိုင်ခွင့်ရှိခြင်း။

(ခ) တာဝန်အရ ခရီးသွားရပါက အမှန်တကယ် ကုန်ကျထားသည့် ခရီးစရိတ်နှင့် တာဝန်ခံဝန်ကြီးဌာနကအခါအားလျော်စွာ သတ်မှတ်ထားသည့် နေ့တွက်စရိတ်ခံစားခွင့်ရှိခြင်း။

(ဂ) ကောင်စီနှင့် သက်ဆိုင်သော အစည်းအဝေးများ တက်ရောက်ရပါက တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း။

၅၀။ ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့် အခြားအကူအညီများကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံဆောင်ရွက်နိုင်သည် ဟု ဖြည့်စွက်ထားပါတယ်။

၅၁။ (ခ) ကောင်စီသည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၈(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၅)၊ အပိုဒ် ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇(က)(ခ)(ဂ)၊ ၅၀၊ ၅၁(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပယ်ဖျက်ချက်-

အခန်း(၁)၊ အပိုဒ် ၂(စ)၊

အခန်း(၇)၊ အပိုဒ် ၁၅၊

အခန်း(၁၀)၊ အပိုဒ် ၂၉(ဆ)၊

အခန်း(၁၄)၊ အပိုဒ် ၄၀၊ ၄၁ တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏အတည်ပြုချက်-

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ်၂(ဂ)(ဃ)(စ)(ဆ)(ည)(ဋ)(ဌ)(ဍ)(ပ)(ဏ)(တ)

အခန်း(၂)၊ အပိုဒ် ၃(ခ)(ဂ)(ဃ)၊

အခန်း(၃)၊ အပိုဒ် ၇(ခ)(ဂ)(င)၊

အခန်း(၄)၊ အပိုဒ်၈(ခ)(ဂ)(ဃ)(ဆ)(ဇ)(ဋ)(ဌ)(ဍ)(ဏ)အပိုဒ်၉(က)(၁)(၃)(၄)(၅)(၆)(၇) (ခ)(ဂ)(င)(စ)၊

အခန်း(၇)၊ အပိုဒ် ၁၆၊ ၁၇၊ ၁၈၊

အခန်း(၈)၊ အပိုဒ် ၁၉၊ ၂၁ တို့နှင့် အမှတ်စဉ် ပြောင်းလဲထားသည့်

အခန်း(၅)၊ အပိုဒ် ၁၂(က)(ဂ)(ဃ)(စ)(ဇ)၊

အခန်း(၆)၊ အပိုဒ် ၁၃(ဂ)၊

အခန်း (၉)၊ အပိုဒ် ၂၅၊ ၂၆(ခ)၊ ၂၇(က)၊ ၂၈(က)၊ ၂၉(က)၊

အခန်း (၁၀)၊ အပိုဒ် ၃၁(က)(ခ)(ဃ)(င)(စ)၊

အခန်း (၁၁)၊ အပိုဒ် ၃၃(က)(ခ)(ဂ)(ဃ)၊

အခန်း(၁၃)၊ အပိုဒ် ၃၇၊ ၃၈(က)၊

အခန်း(၁၅)၊ အပိုဒ် ၄၈၊ ၄၉၊ ၅၁(က) တို့ကို မူလအဆိုပြုချက် အတိုင်းထားရှိရန် ဥပဒေကြမ်း ကော်မတီက အတည်ပြုထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၅၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၅၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(ဩဘာသံများ)

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေ ခွဲ(ခ)အရ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ကျွန်တော်တို့ အမျိုးသား

လွှတ်တော်က နေပြီးတော့ ပြင်ဆင်ဖြည့်စွက်ချက်များနဲ့ သဘောတူပြီးဖြစ်တဲ့ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်ကြီးမှ အတည်ပြုပေးပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဦးနိုန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ရဲ့ကိုယ်စား ဒုတိယဝန်ကြီး က မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်းကို အတည်ပြုပေးပါရန် တင်သွင်းသော အဆိုအား ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးနိုန်းခင်းပေါင် မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံ ဗိသုကာကောင်စီဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၂း၀၀)နာရီအချိန်တွင် ရပ်နားပြီး (၁၃း၀၀)နာရီအချိန်တွင် ပြန်လည်ကျင်းပ ပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၃း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လယ်ပိုင်း ခွင့်ပန်ကြားတဲ့ပုဂ္ဂိုလ်(၅)ဦး ရှိပါတယ်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ကော်မတီတာဝန်။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကျန်းမာရေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ဆေးစစ်။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ အစည်းအဝေး။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လယ်ပိုင်း ခွင့်တင်ပြသူများကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ ချူကလီးယားပညာရပ် ယခုထက်ပိုမို၍ အလေးထားဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က ချူကလီးယားပညာရပ် ယခုထက် ပိုမို၍ အလေးထားဆောင်ရွက် ပေးပါရန်နှင့်စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဒေါက်တာမြင့်ကြည် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၃။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီအဆိုကိုတင်သွင်းရတာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိနေတဲ့ ကျွန်တော်နဲ့ ဆက်စပ်ပြီးတော့ တွေ့ရတဲ့ပြည်သူလူထု နောက်တချို့ ပညာရှင်ကြီးများ သူတို့တွေကနေပြီး ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ချူကလီးယား၊ တစ်နည်းအားဖြင့် ဆိုရင်တော့ မြန်မာလို

ပြန်လည်ပြောရင် အနုမြူစွမ်းအင်ဆိုတာနဲ့ တုန်လှုပ်ချောက်ခြားကြတယ်။ ဘာကြောင့်လဲ။ ဒီဟာကိုတော့ အလေးထားပြီးတော့ သင်ကြားရေးကအစ ဆောင်ရွက်ပေးဖို့ လိုတယ်ဆိုတာကို ဒါလွှတ်တော်မှာ တင်ပြဆွေးနွေးပေးဖို့လည်း ကျွန်တော့်ကိုတိုက်တွန်းကြပါတယ်။ ဒါကြောင့် ကျွန်တော် ဒီအဆိုဟာ အစောကြီးကတည်းကပါ။ ကျွန်တော်စဥ်းစားရင်းနဲ့ အခုအကြိမ်ကျမှ ကျွန်တော်တင်ပြရခြင်း ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ IAEA နိုင်ငံတကာအနုမြူအေဂျင်စီ၊ အဲဒီကို ကျွန်တော်တို့နိုင်ငံဟာ (Founding Member)အနေနဲ့ ၁၉၅၇ ခုနှစ်ကတည်း က စပြီးဝင်ရောက်ခဲ့တဲ့ နိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော်တို့နိုင်ငံမှာ ဒီ နျူကလီးယား ပညာရပ်နဲ့ ပတ်သက်ပြီးတော့၊ တစ်နည်းအားဖြင့် အနုမြူစွမ်းအင်နဲ့ ပတ်သက်ပြီးတော့ သင်ကြားပို့ချ လေ့လာခဲ့ပါတယ်။ တစ်စိုက်မတ်မတ်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ကျောင်းသား ဘဝမှာ ဆိုလို့ရှိရင်လည်းပဲ ပစ္စည်းပစ္စယစုံလင်စွာနဲ့ တိုင်းတာခြင်းတွေဆောင်ရွက်တယ်။ သင်ကြားမှုတွေကိုဆောင်ရွက်ပါတယ်။ ဒါပေမဲ့ ဒီကနေ့အချိန်အခါမှာတော့ ကျွန်တော့်အနေနဲ့လည်းပဲ ခံစားရတာ ဒီပညာရပ်ကို ကျွန်တော်တို့ ကြောက်သွားလို့လား။ ကြောက်တဲ့သဘောမျိုးလား။ ဒါမှမဟုတ်လို့ရှိရင် ဘာကြောင့်လဲ။ သင်ကြားရေးမှာအစ နည်းနည်းအားနည်းလာပြီးတော့ ပစ္စည်းပစ္စယတွေကလည်းပဲ မရှိသလောက် ဖြစ်လာပါတယ်။ ဒါကြောင့်မိုလို့ ဒီသင်ကြားရေးကို အလေးထားပြီးတော့ ဆောင်ရွက်ပေးဖို့ ကျွန်တော့်အနေနဲ့ ဒီတိုက်တွန်းရခြင်း အဆိုလည်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ IAEA က ၂၀၁၃ ခုနှစ်ထဲမှာ သူတို့ဆွေးနွေးပွဲ တစ်ခုလုပ်ပါတယ်။ အဲဒီဆွေးနွေးပွဲမှာ ၂၁ ရာစုရောက်လို့ရှိရင် (Nuclear Power in the 21st Century) ဆိုပြီးတော့ ဒါ IAEA ကနေပြီး အတိအလင်းသူတို့ ဆွေးနွေးပြီး ထုတ်ပြန်ထားတာတွေရှိပါတယ်။ အဲဒီတော့ ဒီဆွေးနွေးချက်တွေနဲ့ ပတ်သက်ပြီးတော့ ၂၁ ရာစုအလွန် နျူးကလီးယား ပညာရပ်ဟာ၊ နျူကလီးယားနည်းပညာတွေဟာ၊ Nuclear Techology တစ်နည်းအားဖြင့် ဒါအများကြီးရှိပါတယ်။ Nuclear Engineering ဒီဘာသာရပ်တွေဟာ နိုင်ငံတော်တော်များများမှာ ဒီစိတ်ဝင်တစားနဲ့ ဆောင်ရွက်ကြရမယ့်အပိုင်းရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံဟာလည်းပဲ သူတို့နဲ့ မတိမ်းမယိမ်း အမီလိုက်နိုင်ဖို့ ကျွန်တော်တို့ ပညာရေးပြုပြင်ပြောင်းလဲမှုတွေလည်းပဲ ဆောင်ရွက်နေတဲ့အချိန်မှာ ဒီပညာရပ်ကို အခုထက် ပိုမိုပြီးတော့ အလေးထား သင်ကြားပေးဖို့ လိုအပ်ပါတယ်။ ဒီနျူကလီးယား ပညာရပ်နဲ့ ပတ်သက်ပြီးတော့ အသုံးချတဲ့ အပိုင်းတွေက ဆေးပညာ၊ စိုက်ပျိုးရေးပညာ၊ နောက်ကျွန်တော်တို့ ပတ်ဝန်းကျင်၊ နောက်မြစ်ချောင်းအင်းအိုင်တွေ၊ မြစ်ချောင်းတွေ၊ သဲတွေကျတဲ့နှုန်းတွေ ဒါတွေကိုလည်းကျွန်တော်တို့ တိုင်းတာလို့ရပါတယ်။ နောက် ကျွန်တော်တို့ Dam ကြီးတွေ၊ ရေကာတာကြီးတွေ တည်တံ့ခိုင်မြဲမှု ဘယ်လောက်ရှိလဲ၊ သူတို့ရဲ့ ဒီတည်တံ့ခိုင်မြဲနိုင်တဲ့ အကြောင်းအရာတွေကိုလည်းပဲ ကျွန်တော်တို့ တိုင်းတာလို့ရပါတယ်။ အဲဒီတော့ အင်မတန်မှ အသုံးဝင်ပါတယ်။

လွန်ခဲ့တဲ့ နှစ်တော်တော်များများက ကျွန်တော်တို့နိုင်ငံမှာ Air Pollution လေထု ညစ်ညမ်းမှုတွေကို ဒီဟာတွေနဲ့ တိုင်းခဲ့တာရှိပါတယ်။ ကျွန်တော် ပြီးခဲ့တဲ့နှစ်လောက်တုန်းက လေထုညစ်ညမ်းမှုကို တိုင်းဖို့ ပစ္စည်းတွေဝယ်မယ်။ ပစ္စည်းတွေက ဈေးကြီးတယ်။ ဒါတွေဆောင်ရွက်ဖို့ လိုတယ်ဆိုတာကို သတင်းစာမှာ ကျွန်တော်တွေ့လိုက်ရပါတယ်။ ပြီးခဲ့တဲ့ (၂)နှစ်၊ (၃)နှစ်လောက်က။ ကျွန်တော်တို့ဆီမှာ

အဲဒီပစ္စည်းတွေ အရင်တုန်းကရှိတယ်။ ဒါတွေနဲ့ပဲ တိုင်းပါတယ်။ ကျွန်တော် မှတ်မှတ်ရရပြောရင် နာမည်နဲ့ပြောလို့ရှိရင်လည်းပဲ ရပါတယ်။ အဲဒီတော့ ဦးမောင်မောင်တင် ဆိုတာ တိုင်းခဲ့ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာန ကလည်းပဲ သိပါတယ်။ အဲဒီတော့ ဒီဟာတွေဟာ တဖြည်းဖြည်း ကျွန်တော်တို့က ပျောက်ကွယ်လာတဲ့ သဘောမျိုးဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံတွေကို ကျွန်တော်တို့ လေ့လာကြည့်ပါ။ ကျွန်တော်တို့ အာဆီယံထဲမှာရှိတဲ့ ဖိလစ်ပိုင်နိုင်ငံ ဆိုကြပါစို့။ ဖိလစ်ပိုင်နိုင်ငံဟာ ၁၉၅၅ ခုနှစ် လောက်ကတည်းက အမေရိကန်နိုင်ငံနဲ့ ပူးတွဲပြီးတော့ နျူကလီးယားဆောင်ရွက်ဖို့၊ ပညာရပ် ဆောင်ရွက်ဖို့၊ စွမ်းအင်တွေဆောင်ရွက်ဖို့ စာချုပ်တွေ ချုပ်ဆိုပြီးတော့ ဆောင်ရွက်နေပါတယ်။ ဒီကနေ့ အချိန်အထိလည်းပဲ ဆောင်ရွက်နေပါတယ်။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလထဲမှာနဲ့ တူပါတယ်။ ကျွန်တော် လတော့ နည်းနည်းမေ့ပါတယ်။ ၂၀၁၃ ခုနှစ် အထဲမှာပဲ EU နဲ့ နျူကလီးယား စင်တာ တစ်ခုကို တည်ဆောက်ဖို့ သူတို့ သဘောတူပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

တစ်နည်းအားဖြင့် ဒီနိုင်ငံတွေဟာ နျူကလီးယားပညာရပ်ကို တိုးတက်အောင်၊ အသုံးချတဲ့ ဘက်ကိုရောက်အောင် တစ်စိုက်မတ်မတ်ဆောင်ရွက်နေတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။ ထို့နည်းအတူ ကျွန်တော်တို့ အနီးမှာရှိတဲ့ ထိုင်းနိုင်ငံ၊ ထိုင်းနိုင်ငံကလည်းပဲ ၁၉၅၄ ခုနှစ် ပတ်ဝန်းကျင်လောက် ကတည်းက ဒီ နျူကလီယားပညာရပ်နဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ဖို့ သူတို့လုပ်ကြပါတယ်။ ခုနတုန်းက ကျွန်တော်တင်ပြတဲ့အတိုင်းပါပဲ၊ အမေရိကန်နိုင်ငံတို့ စတဲ့ နိုင်ငံတွေနဲ့ ပူးတွဲပြီးတော့ တစ်စိုက်မတ်မတ် ဆောင်ရွက်လာပါတယ်။ ဒီကနေ့ အချိန်အထိ ဆောင်ရွက်လျက် ရှိပါတယ်။ နောက်ဆုံးလိုက်လာတဲ့ နိုင်ငံ ကတော့ ဗီယက်နမ်နိုင်ငံပါ။ ဗီယက်နမ်နိုင်ငံမှာကတော့ ၁၉၆၀ ခုနှစ် ကနေ သူစပြီးတော့ သူတို့ ဒီ နျူကလီးယားပညာရပ်ကို ဆောင်ရွက်တယ်။ သို့သော် ဒီဘက် ၁၉၈၀ ပတ်ဝန်းကျင်လောက်ကျမှ ပိုပြီးတော့ သူတို့ အင်တိုက်အားတိုက် ဆောင်ရွက်လာပါတယ်။ အဲဒီ ဆောင်ရွက်တဲ့အခါမှာလည်းပဲ အမေရိကန်နိုင်ငံတို့၊ ရုရှားနိုင်ငံတို့နဲ့ ပူးတွဲပြီးတော့ ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့ ဗီယက်နမ် နိုင်ငံဟာဆိုလို့ရှိရင် နျူကလီယားပညာရပ်နဲ့ ပတ်သက်ပြီးတော့ အသုံးချဖို့အတွက် သူတို့ဟာ ၂၀၂၀၊ ၂၀၅၀ အထိ (Vision)ရည်မှန်းချက်တွေထားပြီးတော့ ဆောင်ရွက်လျက်ရှိတယ်ဆိုတာ လေ့လာတွေ့ရှိရပါ တယ်။

ကျွန်တော်ဒီ တင်ပြလာတဲ့ အချက်တွေကတော့ ကျွန်တော်တို့ နိုင်ငံဟာ ၁၉၅၇ ခုနှစ်ကတည်း က IAEA ရဲ့ (Founding Member)လည်း ဖြစ်တယ်။ အဲဒီအချိန်လောက်တုန်းက ကျွန်တော်တို့ နိုင်ငံမှာ ဒီပညာရပ်ဟာ ထွန်းကားပါတယ်။ ခုနတုန်းက နိုင်ငံတွေနဲ့ နှိုင်းယှဥ်လို့ရှိရင် ပိုတောင်ထွန်းကားတယ်လို့ ကျွန်တော်တို့ ပြောလို့ရပါတယ်။ ကျွန်တော်တို့ဆီက ဒီ IAEA ရဲ့ အဖွဲ့ဝင်တွေလည်း ဖြစ်ခဲ့ပါတယ်။ သို့သော် ကျွန်တော်တို့က အခု အနုမြူလို့ ကြားလိုက်တာနဲ့ ကြောက်နေပါတယ်။ ကျွန်တော်တို့ နိုင်ငံထဲမှာ ဒါတွေဟာ မလိုအပ်တော့ဘူးလား။ ဘာကြောင့် ကျွန်တော်တို့ အဲဒီလောက်စိုးရိမ်ရလဲ။ ခုန ကျွန်တော်ပြောတဲ့ အိမ်နီးနားချင်းနိုင်ငံတွေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကအစ လုပ်နေပါတယ်။ အဲဒီပူးတွဲ ဆောင်ရွက်နေခြင်းသည် ခုနပြောတဲ့ နိုင်ငံကြီးများနဲ့ ပူးတွဲဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံဟာ ကိုယ့်အိမ်နီးနားချင်းနိုင်ငံတွေနဲ့ရော၊ နိုင်ငံတကာမှာရော ပညာရပ်ပိုင်းဆိုင်ရာမှာ မအသွားဖို့အတွက် ကျွန်တော်တို့ မနောက်ကျဖို့အတွက် ဒီပညာရပ်ကို ပိုမိုအလေးထားပြီးတော့ ဒီကနေ့

ဆောင်ရွက်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ကျွန်တော်တို့ဆီမှာ အရင်အဲဒီနှစ်တုန်းက၊ အရင် ခုန ၁၉၅၀၊ ၁၉၆၀၊ ၁၉၇၀ အဲဒီပတ်ဝန်းကျင်တုန်းက ရှိနေတဲ့ ချူကလီးယားပညာနဲ့ ပတ်သက်တဲ့ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေ၊ ပညာရှင်များနဲ့ ဒီကနေ့ ရှိနေတဲ့ ပုဂ္ဂိုလ်တွေ နှိုင်းစာကြည့်ရင် ကျွန်တော်တို့ လျော့နည်းသွားပါပြီ။ ကျွန်တော်တို့ လျော့နည်းနေပါတယ်။

ဒါကြောင့်မို့လို့ ဒါကို အလေးထားသင့်ပါတယ်။ အလေးထားတယ်ဆိုတဲ့အခါမှာ ခုန ကျွန်တော်တင်ပြခဲ့တဲ့ နိုင်ငံတွေမှာဆိုလို့ရှိရင် သူတို့ဆီမှာ ဥပဒေတွေလည်း ရေးဆွဲတယ်။ ကျွန်တော်တို့ ဆီမှာ ရေးဆွဲထားတဲ့ ဥပဒေတွေရှိပါတယ်။ ရေးလည်းရေးဆွဲနေကြပါတယ်။ ဒီဥပဒေတွေ ရှိတယ်။ ပြီးတဲ့ အခါကျတော့ သက်ဆိုင်ရာပါလီမန်၊ သူတို့ဆီမှာ လွှတ်တော်မှာ တင်ပြီးတော့ အဲဒီမှာ ခုနတုန်းက ချူကလီးယားနဲ့ ပတ်သက်တဲ့ Research Institute တွေ သူတို့နိုင်ငံတိုင်းမှာ၊ ခုနကျွန်တော်တင်ပြခဲ့တဲ့ နိုင်ငံတိုင်းမှာ Research Institute တွေရှိပါတယ်။ အဲဒီ Research Institute တွေကို ဘယ်လောက်လောက် နိုင်ငံတော်ကနေပြီးတော့ ပံ့ပိုးမှုပေးမလဲ။ ဘယ်လောက်လောက် (Budget Allowance) ပေးမလဲ။ ဘာပစ္စည်းတွေ ဝယ်မလဲ။ အဲဒီလောက်အထိ ဆောင်ရွက်ကြပါတယ်။

ဒါကြောင့် လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ခုနကျွန်တော်တင်ပြခဲ့တဲ့ ၂၁ ရာစုကနေ နောက်ပိုင်းရာစုနှစ်တွေမှာ အနီးအနားမှာရှိတဲ့ နိုင်ငံတွေနဲ့ရော၊ ဒီအပြင် နိုင်ငံတွေနဲ့ရော နောက်ကျမကျန်ရစ်အောင် ကျွန်တော်တို့ ဒီကနေ့ အချိန်အခါမှာ ချူကလီးယားပညာရပ်ကို ပိုမိုအလေးထားဆောင်ရွက်ပြီးတော့ ပေးပါရန် တိုက်တွန်းရင်း ဒီအဆိုကို တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၁၃။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၁၃။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာ မြင့်ကြည် တင်သွင်းတဲ့ ချူကလီးယားပညာရပ် ယခုထက်ပိုမို၍ အရေးထားဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်မှာ ဆွေးနွေးစဉ်းစားပေးပါရန် ထောက်ခံတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၃း၁၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ အဆိုကို လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ချူကလီးယားပညာရပ် ယခုထက်ပိုမို၍ အလေးထားဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၃း၁၄။**

**ဥက္ကဋ္ဌ**။ ။ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၂)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၃) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၃း၁၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၃း၁၅ နာရီ အချိန်တွင် ရပ်နားပါသည်။]